
www.dhammadownload.com




# လောက်လန်းသဖွယ် ဝိညာဉ်တွယ်

( ၂၄ ၊ ၅ ၊ ၆၂ )

၁၆

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော
သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၄) မှထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ပထမဇောအကျိုးပေးပုံ

# တရားတော်

(မိလက္ခတီသရဟန်း)

(၄-၃-၅၉)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် - (၁၆၈၈/၁၉၈၁)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန့်ထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားေ

# ပဌမဓော အကျိုးပေးပုံ

(မိလက္ခတိဿရဟန်း)

(၄-၃-၅၉)

ဘုရားရှင်ကိုယ်တော်မြတ်ကြီး အတန်တန်မှာတော်မူတဲ့စကားကို ဒကာဒကာမတွေ ထပ်ပြီး သတိပေးရပြန်တယ်။

**ဗျာယထ ဘိက္ခဝေ မာပမာဒတ္ထ မာပစ္ဆာ၊ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ. .**

လို့ ဘုရားက ၄၅ ဝါ သီတင်းသုံးသွားတော့ အကြိမ်ပေါင်းများစွာ မှာတော်မူတယ်ဆိုတော့ ဒကာဒကာမတို့ ခဏခဏ သတိပေးတဲ့သဘောပဲဆိုတာတော့ မှတ်မိကြရမှာပဲ. . (မှန်ပါ့)။

www.dhammadownload.com



ဒါ ဘာကိုသတိပေးတာလဲဆိုတော့ ဘိက္ခဝေ = ရဟန်းတို့၊ ဈာယထ = ဝိပဿနာရှုကြတဲ့၊ ဘာလုပ်ခိုင်းတာပါလိမ့်. . . (ဝိပဿနာ အရှုခိုင်းတာပါဘုရား)၊ မာပမာဒတ္ထ = မေ့လျော့ပေါ့ဆပြီး မနေလိုက်ပါနဲ့၊ ဝိပဿနာရှုကြကွ၊ မေ့လျော့ပေါ့ဆပြီး မနေနဲ့ကွ၊ အရေးကြီးလို့ မှာတာပေါ့ဗျာ. . . (မှန်ပါ့)။

မရှုရင် ဘာဖြစ်မလဲလို့ ဦးဝတို့ ဦးခင်မောင်တို့က မေးလို့ရှိရင်ဖြင့် ပစ္ဆာ=သေခါနီးအခါ နောက်ကာလမှာ၊ ဝိပ္ပဋိသာရီနော=နိမိတ်ထင်၍ ငါဖြင့်မှားခဲ့လေပြီဟု နှလုံးမသာမယာခြင်းရှိကြကုန်သည်၊ မာအဟုဝတ္ထ=မဖြစ်ကြကုန်လင့်။

## သွားရာလမ်းမမြင်ဘဲနဲ့ မသေဘူး

သေကြရဦးမည့် ခန္ဓာကြီးရ,ထားကြတယ်၊ ရိုးရိုးသေမယ်မဟုတ်ဘူး၊ ဝိပဿနာ စသည် လွတ်ကင်းနေတဲ့ပုဂ္ဂိုလ်မှာ ငရဲနိမိတ်တွေ၊ ပြိတ္တာနိမိတ်တွေ၊ နတ်ပြည်နိမိတ်တွေ စသည် မထင်ဘဲနဲ့ သေကိုမသေဘူး၊ စုတိစိတ်ကို မကျနိုင်ဘူး. . . တဲ့၊ ဒကာဒကာမတွေ. . (မှန်ပါ့)၊ ဂတိနိမိတ်မထင်ခဲ့ပါလျှင် သွားရာလမ်းကိုမမြင်ဘဲနဲ့ မသေဘူးတဲ့. . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်လိုပါလိမ့် သေခါနီးမှာ ဂတိနိမိတ်မထင်ရင်. .

www.dhammadownload.com



(သွားရာလမ်းကိုမမြင်ဘဲနဲ့ သေကိုမသေပါဘုရား)၊ ဂတိနိမိတ် ဆိုရင် သွားရာလမ်းကိုမမြင်ဘဲနဲ့ မသေဘူးဆိုတော့ ဦးခင်မောင် ဒါဟာ ကျုပ်တို့တွေ့ရမည့်ခရီးဆုံးပဲ . (မှန်ပါ့)၊ မဆိုထိုက်ဘူးလား. . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါတွေ ဒကာဒကာမတွေ ဘုရားအကြိမ်ကြိမ် မှာတာကိုဘုန်းကြီးက အထပ်ထပ်ဟောပြနေတော့ ဩဝါ-ဒပသဿနာအလုပ်ကို မမေ့လျော့ပေါ့ဆနေလို့ မတော်ပါကလား၊ သေခါနီးကျလို့ရှိရင် နှလုံးမသာမယာတာလာတတ်တယ်လို့ အောက်မေ့နေရမယ်. . . (မှန်ပါ့)။

## သေခါနီးမှာ စိတ်မချမ်းသာတာလာလိမ့်မယ်

ဘာလာတတ်ပါလိမ့်. . . (နှလုံးမသာယာတာ လာတတ်ပါတယ်ဘုရား)၊ နှလုံးမသာယာတာဆိုတော့ စာသံပေသံပါနေတယ်တဲ့၊ စိတ်မချမ်းသာတာ လာလိမ့်မယ်. . . (မှန်ပါ့)။

အယံ-ဤငါမှာတော်မူတဲ့စကားသည်၊ ဝေါတုမှာကံ-သင်ချစ်သားတို့အား၊ အနုသာသနီ-အရေးကြီးလို့ ဆုံးမတဲ့ အချက်အလက်ပေတည်း။ ဒါ အရေးကြီးလို့ ဆုံးမတာ. . . (မှန်ပါ့ဘုရား)၊ ဒါဖြင့် ဘုရားကအရေးကြီးတယ်ဆိုရင် ကျုပ်တို့က ပေါ့လို့မဖြစ်သေးဘူး. . . (မှန်ပါ့)။

www.dhammadownload.com



## ငရဲသွားမည့်ပုဂ္ဂိုလ်

ကိုင်း- ဒါဖြင့် ဒကာဒကာမတို့ လူတစ်ယောက်စုတိ စိတ်ကျရတော့မယ်ဆိုတော့ ဩော်- အသေမြန်လိုက်တာလို့ အောက်မေ့မနေပါနဲ့၊ မသေခင် ဖျတ်ခနဲ ခေတ္တကလေးမှာပဲ ဘာတွေမြင်ရမလဲလို့ မေးလို့ရှိရင် ဂတိနိမိတ်ထင်တဲ့ပုဂ္ဂိုလ် ဆိုရင် ငရဲသွားမှာဖြင့် ငရဲအိုးတို့ ငရဲထိန်းတို့ ငရဲမီးလျှံတို့ကို မြင်လာတယ်. . . (မှန်ပါ့)၊ ကြောက်စရာ မကောင်းဘူးလား. (ကောင်းပါတယ်ဘုရား)။

## ပြိတ္တာသွားမည့်ပုဂ္ဂိုလ်

ပြိတ္တာဘုံသွားမှာဖြင့် တောတို့၊ တောင်တို့၊ ချောက်ကို့၊ ချိုင့်တို့ ဒါတွေမြင်လာတယ်၊ လူ့ပြည်သွားမည့်ပုဂ္ဂိုလ်ဖြစ်ရင် အမိဝမ်းရေတွေ ဘာတွေ မြင်လာတယ်. . . (မှန်ပါ့)။

နတ်ပြည်သွားမည့်ပုဂ္ဂိုလ်ဖြစ်ရင် နတ်သမီး ပဒေသာပင်၊ ဥယျာဉ်နေစရာ ထိုင်စရာ တိုက်တာ၊ အိမ်ခန်းတွေ ထင်လာတယ်. . . (မှန်ပါ့ဘုရား)၊ မထင်ဘဲနဲ့တော့ ဒကာဒကာမတို့ မသေဘူး. . . (မှန်ပါ့)၊ ဒါဖြင့် ငရဲနိမိတ်တွေထင်လာတယ်၊ ခွေးနက်ကြီးတွေထင်လာတယ်၊ ဘောင်တွေ၊ ချောက်တွေ ထင်လာတယ်၊ ပင်လယ်ကြီးတွေထင်လာတယ်ဆိုလို့ ရှိရင်ဖြင့် ဒါဟာ ငရဲပြိတ္တာ အသူရကာယ်သွားရတော့မယ်

www.dhammadownload.com



ဆိုတာဟာ သားလည်းမတတ်နိုင်ပါဘူး၊ အနားက ဆေးခွက် ကိုင်ပြီးစောင့်ရုံပါပဲ၊ သမီးကလည်း မတတ်နိုင်ဘူး၊ မျက်နှာ ညှိုးငယ်စွာနဲ့ နေရစ်ရုံပဲ၊ ခင်ပွန်းကလည်း အနားကကြည့်ပြီး သကာလ ဒီတောင်က တက်မှာမဟုတ်ဘူးဆိုတာ ဒါပဲ သူတွေးလုံးရှိတယ် . . . (မှန်ပါ့)။

ဘေးကပုဂ္ဂိုလ်တွေ ဘယ်သူမှမသိဘူး၊ သေမည့် ပုဂ္ဂိုလ်ကဖြင့် အင်း- ငါဖြင့် မှားခြင်းကြီး မှားခဲ့ပြီလို့ နှလုံးမသာယာခြင်းဟာ လာတယ်ဗျ . . . (မှန်ပါ့) ဝိပဿနာ မလုပ်ရင် လာနိုင်တယ်နော် . . . (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတွေ ဘုရားအကြိမ်ပေါင်းများစွာ မှာတော်မူတဲ့ ဝိပဿနာလုပ်ကြ၊ မလုပ်ရင် သေခါနီးမှာ မင်းတို့နှလုံးမသာယာတဲ့ စိတ်မချမ်းသာမှုဟာ မုချတွေ့ရလိမ့် မယ်လို့ မှာတော်မူတာ အထူးမလုပ်သင့်ဘူးလား . . . (လုပ် သင့်ပါတယ်ဘုရား) မုချတွေ့ရလိမ့်မယ်လို့ မှာတော်မူတာပဲ၊ ပုထုဇဉ်အမိုက်တွေသဘောနဲ့ သေဟစ်နေ့ မွေးတစ်နေ့ပဲလို့ ဒီအသုံးမျိုးတွေ မသုံးလိုက်ပါနဲ့၊ တကယ်မြင်လာတော့ ကိုယ်ပဲ မျက်ရည်ကြီးငယ်ကျတာပဲ . . . (မှန်ပါ့)။

ဦးခင်မောင်ရေ အရုပ်မဆိုးဘူးလား (ဆိုးပါတယ် ဘုရား) မောင်သစ်တို့ဒါတွေကြပ်ကြပ်သတိထားကြပါ (မှန်ပါ့ ဘုရား)။

www.dhammadownload.com



အားလုံးဒကာ ဒကာမတွေ မသေခင် ဝိပဿနာရှု ကြဖို့ဆိုတာ ၁, နံပါတ်မှတ်နော် . . . (မှန်ပါ့) ကုသိုလ်တရား တွေမှ မရှိခဲ့လို့ရှိရင် အကုသိုလ်တွေ များနေတဲ့ပုဂ္ဂိုလ်၊ အကု သိုလ်အကျိုးပေးမယ့်ပုဂ္ဂိုလ်ဆိုရင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်နိမိတ်ဟာ မသေခင်က ကိုယ်သွားရမည့်နေရာ မြင်နေရတယ် (မှန်ပါ့) ဘယ်မှာကောင်းနိုင်စရာ မြင်သေးရဲ့ လား (မမြင်ပါဘုရား)။

အဲဒီမှာ ခင်ဗျားတို့ ဩော် . . . ဆရာသမားကလည်း တိုက်တွန်းရှာတယ်၊ သူတော်ကောင်းတွေဟူသရွေ့ကလည်း လုပ်ကြပါ၊ လုပ်ကြပါလို့ တိုက်တွန်းကြတယ်၊ ကိုယ့်ကိုယ်က ဒါဖြေးဖြေးမှ လုပ်မယ်ဆိုတဲ့ လွဲရှောင်မှုကြောင့်လည်းကောင်း၊ ကိုယ်ကိုယ်တိုင်သားရေး၊ သမီးရေး၊ စီးပွားရေးကို အရေး မကြီးရမှာ ကြီးပြီးနေချက်ကြောင့်လည်းကောင်း၊ အဲဒီမှာ နှလုံးမသာယာဘဲနဲ့ ကိုယ်ကျိုးနည်းပေါ့ဆိုပြီး ဝိညာဏ်ချုပ်ရ တယ် (မှန်ပါ့) ဘယ်လောက်မျှား နာသတုံး (နာပါတယ် ဘုရား)။

ဘယ်လိုဝိညာဏ်ချုပ်ရမှာပါလိမ့် (ကိုယ်ကျိုးနည်း ပေါ့ဆိုပြီး ချုပ်ရမှာပါ) ကိုယ်ကျိုးနည်းပေါ့၊ ရှာထားတဲ့ပစ္စည်း ကလည်းမကယ်နိုင်ဘူး၊ သား, လင်, ခင်ပွန်း, သားသမီးတွေ က အနားမှာရှိပြီးသကာလ နေကြငြားသော်လည်း ဘယ်သူမှ

www.dhammadownload.com



မပြောနိုင် မဆိုနိုင်ဘဲနဲ့ တစ်ခါတည်း ဖျတ်ဆိုဒီကစုတိ၊ ဒကာ ဒကာမတို့ ဒီကစုတိစိတ်ကလေး ဖြစ်တယ်နော် . . . (မှန်ပါ)။

## စုတိစိတ်ဆိုတာ

လူပြည်မှာ တစ်ဘဝရဲ့ နောက်ဆုံးပိတ်စိတ်ကလေးကို ဘာစိတ်လို့ခေါ်ကြမယ် . . . (စုတိစိတ်ပါဘုရား)၊ စုတိပြီးတော့ဖျတ်ဆို ငရဲသွားမည့်ပုဂ္ဂိုလ်ဖြင့် ငရဲမှာ အကောင်အထည်သွားဖြစ်တယ် . . . (မှန်ပါ) သူမြင်ထားတဲ့ အတိုင်း ဒီအထဲရောက်တယ် . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့်-ဒကာဒကာမတို့ ကြာသလား (မကြာပါဘုရား) ၁, မှာသေတယ်၊ ၂, မှာ ဒယ်အိုးရောက်တယ် (မှန်ပါ) ၁, မှာသေတယ်၊ ၂, မှာ ခွေးဝမ်းထဲ ဝက်ဝမ်းထဲ ရောက်တယ် (မှန်ပါ) ဘယ်လောက်များဆိုးသတုံး (ဆိုးပါတယ်ဘုရား) မမြန်ဘူးလား (မြန်ပါတယ်ဘုရား)။

ဒါခြောက်လှန့်ဟောတဲ့တရား မဟုတ်ပါဘူးတဲ့၊ ဒကာဒကာမတို့ ဖြစ်စဉ်ကိုက်တရားမှတ်ပါ (မှန်ပါ) သတိပေးနေတာပါ၊ တရားကိုမဟောသေးပါဘူး (မှန်ပါ)။

www.dhammadownload.com



## ဘုရားကအကြိမ်များစွာသတိပေးတယ်

တရားဟောသေးတာ မဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ ဝိပဿနာစတဲ့ကုသိုလ်တွေ မရှိလို့ရှိရင် မဂ်ဖိုလ်မရသေးလို့ရှိရင် ဤစခန်းနဲ့ ဤလမ်းဟာ မလွဲတမ်း သွားရမယ်ဆိုတာ ခင်ဗျားတို့ကို သတိပေးတာပါ (မှန်ပါ့ဘုရား) ဘုရားကလည်း အကြိမ်ပေါင်းများစွာ သတိပေးတယ်ဦးခင်မောင် . . . (မှန်ပါဘုရား)

ဒါဖြင့် ကျုပ်တို့မှာ ဩော် . . . ၁, ဆိုရင် စုတိစိတ်ချုပ်သွားရင် ၂, ဆိုရင် ငရဲသွားမည့်ပုဂ္ဂိုလ်ဖြင့် ငရဲ ရောက်တယ်၊ ပြိတ္တာဘုံသွားမည့်ပုဂ္ဂိုလ်ဖြစ်ရင် ပြိတ္တာအထည်ကြီးသွားဖြစ်တယ်။ (မှန်ပါ့) ပြိတ္တာ ခန္ဓာကိုယ်ကြီးချက်ချင်းသွားဖြစ်တယ် . . . (မှန်ပါ့) ဝမ်းထဲပဋိသန္ဓေနေသလို (ဂဗ္ဘသေယျက) မဟုတ်ဘူး၊ အဲဒါတွေ ဘွားခနဲသွားဖြစ်တယ် . . . (မှန်ပါ)။

အဲဒီတော့ဘုန်းကြီးတို့ ဒကာဒကာမတွေကိုယ်သွားရမည့် လမ်းကလည်းမြင်ပြန်၊ ဖြစ်တာကလည်း ချက်ချင်းဖြစ်ရမှာဆိုတော့ ဒီပုဂ္ဂိုလ်မသေခင်ကလေး ဝမ်းနည်းမလား၊ မနည်းဘူးလား (နည်းပါတယ်ဘုရား)။

ဩော် . . . ဘုရားစကား နားမထောင်ခဲ့တာ၊ ဆရာသမားစကား နားမထောင်ခဲ့တာ ကိုယ်ကျိုးနည်းပြီဆိုပြီး

www.dhammadownload.com



မျက်ရည်ဟာ မျက်လုံးနှစ်ဖက်ကနေပြီး သူ့အိပ်နေတဲ့၊ မမာနေတဲ့ခေါင်းအုံးပေါ်မှာ စီးကျတယ် . . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် စီးကျသတုံးဆိုတော့ ဒီသွားရမည့်လမ်းကိုမြင်နေလို့ (မှန်ပါ့) ဘယ်သူကကယ်နိုင်သေးသတုံး (မကယ်နိုင်ပါဘုရား)။

စိန်တွေ၊ ရွှေတွေ၊ မြတွေ၊ တိုက်တွေ၊ ကားတွေက ဘာများအကူအညီပေးသေးသတုံး (ဘာမှမပေးပါဘုရား) ဒါဖြင့်ဒီက စုတိပြီးတော့ ဒီက ပဋိသန္ဓေလာမယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ပဋိသန္ဓေလာတယ်ဆိုတော့ ဦးခင်မောင်ရေ၊ ပေါ့လို့တော့မတော်တော့ဘူး . . . (မတော်ပါဘုရား)။

## ဖြစ်စဉ်ကိုက်သတိပေးနေတာ

အားလုံး ဒကာ ဒကာမတွေ ဒီနေ့ လေးလေးနက်နက်နဲ့ ဩော် . . . ဖြစ်စဉ်ကိုက် သတိပေးနေဆိုတဲ့ဥစ္စာ မှတ်ကြစမ်းပါ (မှန်ပါ့) ဖြစ်စဉ်ကိုက် သတိပေးနေတယ်ဆိုတာ မှတ်ကြစမ်းပါ၊ အခု နေကြထိုင်ကြတာ ပေါ့သလောက် သေခါနီးမှာ ဒုက္ခရောက်မယ် (မှန်ပါ့)။

အခုပေါ့သလောက်ဘာဖြစ်မယ် . . . (သေခါနီးဒုက္ခရောက်ပါမယ် ဘုရား)။

www.dhammadownload.com



## အရပ်ပြောစကားကိုနားမထောင်နဲ့

အဲဒါကြောင့် ဘယ်သူပြောတာမှ နားမထောင်နဲ့၊ ဘုရားဟောတာကိုသာ နားထောင်ပေါ့၊ ဘုရားဟောကို ယူပြီး ပြောတဲ့ ဆရာသမားတွေစကားကိုသာ နားထောင်ကြပါ၊ ဒါနှစ်ခုသာ ခင်ဗျားတို့ အဓိကထားကြပါ (မှန်ပါ့)၊ **အရပ်ပြော စကားတွေကို နားထဲမှာ မသွင်းပါနဲ့ . . .** (မှန်ပါ့)။

မင်းတို့ ဒီအလုပ်လုပ်တာကို တို့ကမလုပ်နဲ့မဆိုဘူး၊ ကောင်းတော့ ကောင်းတာပဲ၊ ကောင်းငြားသော်လည်း ကိုယ့်မှာသားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ဆိုပြီး လှည့် လှည့်သွားတယ် . . . (မှန်ပါ့) မလှည့်ဘူးလား . . . (လှည့်ပါတယ်ဘုရား) အဲဒီလှည့်တာကို မလှည့်ပါနဲ့ . . . (မှန်ပါ့)။

လှည့်တဲ့ပုဂ္ဂိုလ်ဟာလည်း ဒီတရားမျိုးမနာဘူးလို့ သူ့စိတ်သည် အမျိုးမျိုးဖောက်ပြန်တာလို့ မှတ်ကြရမယ် (မှန်ပါ့) ဘာမှကိုးစားရာ အားထားရာမရှိဘူး၊ သူပြောတာတွေဟာ ကိုယ့်နောက်ပါလို့ သိရဲ့လား (မသိပါဘုရား) မသေခင်က ကိုယ့်အမြင်ကကော ဒကာ ဒကာမတို့ အင်မတန်မှဲ ဆိုးဝါးတဲ့ အမြင်ကြီး မမြင်ရဘူးလား . . . (မြင်ရပါတယ်ဘုရား)။

အဲဒီမှာ တစ်ခါတည်း ခန္ဓာကိုယ်ကလည်း အကြောတွေ ဘာတွေဆွဲ တွန့်လိမ်ပြီးမျက်ရည်တွေကလည်းကျ၊

www.dhammadownload.com



မျက်နှာတွေကလည်း ညှိုးမလာဘူးလား . . . (လာပါတယ် ဘုရား)။

အဲဒါ ညှိုးချင်လို့ ညှိုးရတယ်ထင်သလား၊ ဘေးကလူကိုလည်းမပြောနိုင်၊ သူ့အမြင်ကလည်း အဲဒီသွားရမှာမြင်နေလို့ကိုယ်ကျိုးတော့ လှလှကြီးနည်းပေါ့ဆိုပြီး မှိုင်တွေ ချပစ်လိုက်တာပဲ . . . (မှန်ပါ့) ဘယ်လောက်များ ကြောက်စရာကောင်းသတုံး . . . (ကောင်းပါတယ်ဘုရား)။

## မလုပ်ရင်မဖြစ်တဲ့အလုပ်ဟာ ဝိပဿနာ

ဒါဖြင့် ဘယ်လိုစဉ်းစားကြမလဲ . . . (ဝိပဿနာလုပ်ပါ့မယ်ဘုရား) ဝိပဿနာအလုပ်ကိုတော့ လုပ်မှပဲ (မှန်ပါ့) ဝိပဿနာအလုပ်ကို လုပ်မှပဲလို့ ဦးဘတင်တို့ သေသေချာချာမှတ်ရမယ် (မှန်ပါ့) မလုပ်ရင်မဖြစ်တဲ့ အလုပ်ဟာ ဒါအပါအဝင်ပဲ . . . (မှန်ပါ့)။ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

မလုပ်ရင်မဖြစ်တဲ့အလုပ်ဟာ . . . (ဒါအပါအဝင်ပါဘုရား) ဘယ်သူပါလိမ့် . . . (ဝိပဿနာပါဘုရား) ဦးဘအုန်းပျော့လို့တော်ပါ့မလား . . . (မတော်ပါဘုရား)။

ပျော့လို့ လျော့လို့ဖြင့် ဒကာဒကာမတို့ လုံးဝမတော်ဘူးဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ့) သေစမ်းလိုက်ချင်သေးတယ်တော့ မလုပ်နဲ့နော် . . . (မှန်ပါ့) မကယ်နိုင်တဲ့နေရာရောက်သွားမယ် . . . (မှန်ပါ့)။

www.dhammadownload.com



သေစမ်းလိုက်ချင်သေးတယ်ဆိုတာဖြင့်ကိုယ်ကိုယ်တိုင် ကယ်မည့်သူ၊ ယူမည့်သူ မရောက်ခင် သွားလိုက်ဦးမယ်ဆိုတဲ့စကားနဲ့လည်း အတူတူဖြစ်ပါလိမ့်မယ် . . . (မှန်ပါ့) ဘယ်လောက်ကြောက်စရာကောင်းသတုံး . . . (ကောင်းပါတယ်ဘုရား)။

ဒါလူတိုင်းအလုပ်နဲ့နော် . . . (မှန်ပါ့) ဒါဖြင့် သေခါနီးမှာ သွားရာမမြင်ဘဲနဲ့ နိဗ္ဗာန်မရသေးတဲ့ ပုဂ္ဂိုလ်မှာ ဘယ်တော့မှ မသေဘူးလို့မှတ်ပါ . . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ အမေကတော့အားကိုးရမလား (မကိုးရပါဘုရား) အဖေကကော . . . (အားကိုးမရပါဘုရား) ရှာထားတဲ့ပစ္စည်းတွေ . . . (အားကိုးမရပါဘုရား) အဲဒါတွေအားကိုးမရဘူးဆိုတော့ ဘာပဲအားကိုးစရာရှိသတုံး . . . (ဝိပဿနာပဲ အားကိုးစရာရှိပါတယ်ဘုရား)။

အဲ . . . ဝိပဿနာရှုလိုက်တော့ ကိုယ့်သန္တာန်မှာ မဂ္ဂင်ကလေးကရောက်လာတယ် . . . (ရောက်လာပါတယ်) အဲဒီ မဂ္ဂင်ဟာ ကိုယ့်အားကိုးရာအစစ်ပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဦးခင်မောင်ရေ . . . ကြွားခဲ့သရွေ့၊ မော်ခဲ့သရွေ့၊ အဲဒီမှာဗိုင်းဗိုင်းလဲတာပဲ . . . (မှန်ပါ့) ဘယ်လောက်များကြောက်စရာကောင်းသတုံး . . . (ကောင်းပါတယ်ဘုရား)။

www.dhammadownload.com



အင်မတန်ကြောက်စရာကောင်းလွန်းလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အကြိမ်ပေါင်းများစွာမှာတဲ့စကားတော်သည်ကား . . . လို့ဆိုရင် သာမညအရေးကြီးလို့ ဒီအမှာကို မှာသည်လို့ မအောက်မေ့ကြပါနဲ့၊ အလွန်အရေးကြီးလို့ မှာတယ်ဆိုတာ ဒကာ ဒကာမတွေက အောက်မေ့ရမယ် (မှန်ပါ့)။

ကိုင်း- ဒကာ ဒကာမတွေ ဘုရားမှာတော်မူတာ မသေခင်က ဘာလုပ်ကြမတဲ့တုံး . . . (ဝိပဿနာ ရှုကြရပါ့မယ်ဘုရား) မလုပ်ခဲ့သော် သေခါနီးမှာ စိတ်ပျက်ရလိမ့်မယ် . . . (မှန်ပါ့) ကိုယ်ကျိုးနည်းပြီဆိုတဲ့စိတ် ပေါ်ရလိမ့်မယ်. . (မှန်ပါ့) အဲဒီအချိန်ကျတော့တကယ်လို့ ယူလို့ရသေးရဲ့လား (မရပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေကတော့ ပြောကြမှာပဲတဲ့၊ အမြင်ကလေးကြည့်ပြီးသကာလ အခုမှတွေ့တဲ့ဉစ္စာသည်တွေကို အရေးတကြီးထားပြီးပြောနေကြမှာပဲ . . . (မှန်ပါ့)။

အခုမှတွေ့တဲ့ဉစ္စာသည်ဆိုတာ ဆွေမျိုး ဉာတကာတွေဟာ အခုမှတွေ့တဲ့ ဉစ္စာသည်တွေပဲ . . . (မှန်ပါ့) သားတွေ သမီးတွေကကော . . . (အခုမှတွေ့တဲ့ဉစ္စာသည်တွေပါဘုရား)။

www.dhammadownload.com



အဲဒီ ညည့်သည်တွေ အရေးတကြီးထားပြီး ဧည့်သည်တွေ တွေ့နေတာနဲ့ပဲ ဝိပဿနာအလုပ် မလုပ်ဖြစ်ဘူး (မှန်ပါ့) အဲဒီလိုဖြစ်ပြီးသကာလနေတော့ အရေးမကြီးရမှာကို အရေးကြီးပြီး အမိုက်ခံပြီး အရှုံးခံပြီး သကာလနေတဲ့ အနေမျိုးတွေဟာ ဒကာ ဒကာမတွေမှာ နာရီနဲ့တွက်ကြည့်ရင့်သိပ်များနေတယ် (မှန်ပါ့) မများကြဘူးလား . . . (များပါတယ်ဘုရား) အခုပြုံးသလောက် မဲ့ရမယ်ဆိုတာလည်း သေချာတယ်. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့် . . . (အခုပြုံးသလောက်လည်း မဲ့ရမှာပါဘုရား) အခုလည်း ပြုံးတယ်သာဆိုရတာပါ ဒကာ ဒကာမတို့ စားဖို့ရှာ၊ ဝတ်ဖို့ရှာ၊ နေဖို့ရှာ၊ သားပူ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူနဲ့ဆိုရင် ဦးခင်မောင်တို့ပြုံးချိန်ဆိုလည်း နည်းပါလိမ့်မယ်. . . (နည်းပါတယ်ဘုရား) နည်းပြီးသကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မေ့လုံးများနေတယ်. . . (မှန်ပါ့) မများကြဘူးလား (များပါတယ်ဘုရား) ဘာများနေကြသတုံး. . . (ဝိပဿနာကို မေ့လုံးများနေပါတယ်ဘုရား)။

## ခန္ဓာရှိလျက် ခန္ဓာမေ့နေတယ်

ဝိပဿနာအလုပ်ကို မေ့နေတယ်ဆိုတော့ ခန္ဓာကို စိုက်ရှုရမည့်ဥစ္စာ ခန္ဓာရှိလျက်နဲ့ ခန္ဓာမေ့နေတာ (မှန်ပါ့)

www.dhammadownload.com



ဘယ်လို ဆိုကြပါမယ်. . . (ခန္ဓာရှိလျက်နဲ့ ခန္ဓာမေ့နေတာပါ ဘုရား)။

ဩော်-ဖြစ်မှဖြစ်ရလေဗျာ၊ ခန္ဓာရှိလျက်နဲ့ခန္ဓာမေ့နေတယ်ဆိုတဲ့အမိပ္ပာယ်က အတော်ကြောက်စရာကောင်းပါကလား. . . (မှန်ပါ့) ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာမရှိလို့ရှိရင်လည်း တော်သေးရဲ့ ခန္ဓာကြီးက အမျိုးမျိုးအဖုံဖုံ ဖောက်ပြန် ပျက်စီးပြီး ပြနေပါလျက်သားနဲ့ ဒီဟာ အမေ့ကြီး မေ့နေတယ်ဆိုတဲ့ဥစ္စာ တခြားအာရုံတွေပေါ်မှာ ဆွေပေါ် မျိုးပေါ် စီးပွားရေးပေါ်မှာ အရေးကြီးနေလို့ ကိုယ့်ခန္ဓာကြီး သွားရာလမ်းခရီးအဖြောင့်ကို မလုပ်ဖြစ်တာပေါ့. . . (မှန်ပါ့) သိပ်ကြောက်စရာကောင်းပါကလား (ကောင်းပါတယ်ဘုရား)။

ဦးခင်မောင်ရေ . . . ဒါဟာ အမိုက်ပိုနေတာ သေချာတယ်. . . (မှန်လှပါဘုရား) နောက်က ဒကာ ဒကာမတွေ ဘာဖြစ်ကြမယ်ထင်သတုံး . . . (အမိုက်ပိုတာပါဘုရား)။

အမိုက်ပိုပြီးသကာလနေတာ သေချာတယ်ဆိုတော့ အခု ဒကာ ဒကာမတွေ နေကြ ထိုင်ကြတာ ကြည့်လိုက်လို့ရှိရင်ဖြင့် တစ်နေ့သော်လည်း မအားဘူး၊ နောက်တစ်နေ့သော်လည်း မအားဘူးတဲ့ . . . (မှန်ပါ့)။

အိပ်ပြန်တော့လည်း နက်ဖြန် လုပ်စရာကြံစည်ပြီး

www.dhammadownload.com



အိပ်ကြရတယ်. . . (မှန်ပါ့) နောက်ပြန်လုပ်စရာပြီးလို့ အိပ်ကြတာဟုတ်ကြရဲ့လား. . . (မဟုတ်ပါဘုရား)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်လည်း မဟုတ်ဘူးတဲ့. . . (မှန်ပါ့) အနေကောင်းတဲ့အလုပ်လားဆိုတော့လည်း မအားဘူးတဲ့ . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အသေကောင်းတဲ့အလုပ်လားဆိုတော့ ဝိပဿနာ မဟုတ်တဲ့အတွက် အသေကောင်းတဲ့အလုပ်လည်း မဟုတ်ဘူး. . . (မှန်ပါ့) အနေကောင်းတဲ့ အလုပ်လားလို့ မေးပြန်တော့လည်း မအားမလပ်နေရတယ်. . . (မှန်ပါ့)။

## အနေမကောင်း၊ အသေမကောင်း

ဒါဖြင့် ဘယ့်နှယ်ဆိုကြမလဲ. . (အနေမကောင်း၊ အသေလည်း မကောင်းပါဘုရား) အသေကောင်းတဲ့အလုပ်၊ အနေကောင်းတဲ့အလုပ်ကို မဟုတ်ဘူး. . . (မှန်ပါ့)။

အခုနေတာဟာ အသေကောင်းတဲ့ အလုပ်လားဆိုတော့ ဝိပဿနာမလုပ်ဖြစ်တော့ အသေကောင်းတဲ့အလုပ် မဟုတ်ပြန်ဘူး. . . (မှန်ပါ့)။

အနေကောင်းတဲ့အလုပ်လားလို့ မေးပြန်တော့လည်း ဒကာ ဒကာမတွေအမောဆိုက်ပြီးသကာလ ဟိုအလုပ်လည်း

www.dhammadownload.com



ပြီးတတ်တယ်မဟုတ်ဘူး၊ ဒီအလုပ်လည်း လုပ်ဆဲ . . . (မှန်ပါ့) သွားရေး၊ သမီးရေး၊ စီးပွားရေးတွေက မရှုပ်ကြဘူးလား (ရှုပ်ပါတယ်ဘုရား) ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဘာများဖြစ်နေကြသတုံး မေးလို့ရှိရင်ဖြင့် အသေကောင်းတဲ့အလုပ်လည်း တပည့်တော်တို့ လုပ်မနေမိပါဘုရား၊ အနေကောင်းတဲ့ အလုပ်လည်း တပည့်တော်တို့ လုပ်မနေမိပါဘူး. . . (မှန်ပါ့) ဘယ်မှာတုံး၊ ဝတ်ရေး, စားရေးနဲ့ ရှုပ်နေတာပဲ . . . (မှန်ပါ့) မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

တစ်နေ့သော်လည်း ဘာလုပ်သလဲ၊ လက်ဖက်ခြောက် ကုန်သည်က လက်ဖက်ခြောက်ရောင်းမှာပဲ. . . (မှန်ပါ့) လက်ဖက်စို ကုန်သည်ကကော . . . (လက်ဖက်စိုရောင်းမှာပါဘုရား) ရွှေဆိုင် ငွေဆိုင်ကလည်း (ရွှေ, ငွေရောင်းမှာပါဘုရား) အားရဲ့လား. . . (မအားပါဘုရား)။

မအားတာသည် ဒကာ ဒကာမတို့ အနေကောင်းတဲ့ အလုပ်ကလည်း အနေကောင်းဆိုဟာ အားပါရဲ့လား . . . (မအားပါဘုရား) အသေကောင်းအလုပ်ကော လုပ်ဖြစ်ပါရဲ့လား (မလုပ်ဖြစ်ပါဘုရား)။

ကြော်- ဒါဖြင့် ဒကာ ဒကာမတွေ လူ့ပြည်လာတာသည် အနေကောင်းနေမလို့ လာတာလည်းမဟုတ်ဘူး၊ အသေကောင်းသေမလို့လာတာကော. . . (မဟုတ်ပါ

www.dhammadownload.com



ဘုရား) ရှုံးလိုက်တဲ့ဖြစ်တွေ ဒကာ ဒကာမတို့ သေသေချာချာ စာရင်းကိုက်ကြည့်တော့မှ ဦးခင်မောင်. . . (ရှုံးပါတယ် ဘုရား) ဒကာ ဒကာမတွေ ကိုယ့်အရှုံး ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

အသေကောင်းအလုပ်လည်း မလုပ်ဖြစ်ဘူးတဲ့၊ အနေကောင်းတော့လည်း နေရပါရဲ့လား. . . (မနေရပါဘုရား) နံနက်မိုးလင်းလာလို့ရှိရင်ဖြင့် ဆိုင်ရာ ဆိုင်ရာ ပြောရ ဆိုရ သွားရ လာရ စိတ်မော ကိုယ်မော မရှိကြဘူးလား. . . (ရှိပါတယ်ဘုရား)။

ဟိုကြည့်ရ ဒီကြည့်ရ၊ ဟိုဟာ စီမံရ၊ ဒီဟာ စီမံရ ဒါတွေကလည်း အားလပ်ခွင့်များရသေးရဲ့လား (မရပါဘုရား) မတော်လက်ဖက်ရည်လေးတစ်ခွက် ဖြောင့်ဖြောင့် သောက်ဖို့ မရပါဘူး (မရပါဘုရား) ထမင်းကလေးတောင်မှ နှစ်ထပ်ကို တစ်ထပ်ပေါင်းစားရတဲ့အခါ ပါသေးတယ်. . . (မှန်ပါ့) မပါကြဘူးလား. . . (ပါ, ပါတယ်ဘုရား)။

အဲဒီတော့ ဒီဥစ္စာသည်ကားလို့ဆိုရင် အနေကောသူတို့သည် ကောင်းပါရဲ့လား . . . (မကောင်းပါဘုရား) အသေကောင်းတဲ့အလုပ်ကော လုပ်ဖြစ်ပါရဲ့လား (မလုပ်ဖြစ်ပါဘုရား)။

www.dhammadownload.com



ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ လူပြည်တက်လာတာ အရှုံးခံမလို့ တက်လာတဲ့ အခြေအနေကို ကိုယ့်ရည်ရွယ်ချက်ကဖြင့် ဒီအတိုင်း ဆိုက်နေတာပဲဆိုရင်ဖြင့် ငြင်းဖို့ လိုသေးသလား. . . (မလိုပါဘုရား)။

## အသေကောင်းတဲ့အလုပ်ကိုလုပ်ပါ

ဒါဖြင့် ဒီက ရှေ့ပြောင်းကြပါဦး ပြင်ကြပါဦးဆိုတာ ဦးဘတင်တို့ကို သတိပေးရတယ် . . . (မှန်ပါ့) အနေကောင်းကလေးနေပြီး သကာလ အသေကောင်းကလေးသေတဲ့အလုပ်ကို လုပ်စမ်းပါဦး အနေကောင်းနေစရာအလုပ်၊ အသေကောင်းတဲ့အလုပ်ဆိုတာကို လုပ်စမ်းပါဦး၊ အနေကောင်းနေစရာအလုပ်ကလေးတွေ အားလပ်ခွင့်ယူပါဦး. . (မှန်ပါ့)။

အသေကောင်းတဲ့အလုပ်ဆိုတာက အလုပ်အားလပ်ခွင့်ရှိမှ အသေကောင်းတဲ့အဖြစ်တဲ့၊ ဝိပဿနာအလုပ်ကို လုပ်ဖြစ်မှာ. . . (မှန်ပါ့) အနေကောင်းမှ မနေရတဲ့ပုဂ္ဂိုလ်က အသေကောင်းကိုဖြင့် ဘယ့်နှယ်လုပ်ပြီး လုပ်ဖြစ်ပါ့မတုံး. . . (မလုပ်ဖြစ်ပါဘုရား)။

ဦးဘအုန်းရေ ဒီဥစ္စာတွေဖြင့် အနေကောင်းကလေးနေရအောင်လည်း လုပ်ကြစမ်းပါဦး၊ သွားလာပြီးသကာလ

www.dhammadownload.com



ပြောဆိုနေရတဲ့အလုပ်ကလည်း ပတ်ဝန်းကျင်အခြေအနေနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ရှုပ်ပွနေကြတာပဲ . . . (မှန်ပါ့)။

အဲဒီတော့ အနေကောင်းကောဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား) အနေကောင်းမှ မနေရတဲ့ ပုဂ္ဂိုလ်ဟာ အသေကောင်းအလုပ် လုပ်ဖြစ်ဖို့ရာ အတော်ခဲယဉ်းတယ်. . (ခဲယဉ်းပါတယ်ဘုရား) မခဲယဉ်းကြဘူးလား . . . (ခဲယဉ်းပါတယ်ဘုရား) ရှိတဲ့ ပုဂ္ဂိုလ်လည်း ရှိလို့မအားဘူး. . . (မှန်ပါ့) မရှိတဲ့ပုဂ္ဂိုလ်လည်း မရှိလို့မအားဘူး. . . (မှန်ပါ့)။

## အပါယ်ပြန်ဖို့ ရိက္ခာစုနေတာ

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ လူ့ပြည်လာတာသည် ဘာလုပ်ကြမတုံး မေးလို့ရှိရင်ဖြင့် အနေကောင်း မနေရဘဲနဲ့ အသေကောင်း မသေရအောင် တပည့်တော်တို့ ဘုရား၊ မိဘရပ်ထံနဲ့ တူတဲ့ အပါယ်လေးပါး ပြန်ရအောင် ရိက္ခာစုလာတာပဲ (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ . . . (ရိက္ခာစုလာတာပါဘုရား)။

ဒါနစ်နာအောင် ပြောတယ်လို့ အောက်မေ့မနေပါနဲ့ (မထင်ပါဘုရား)၊ ခင်ဗျားတို့ ဖြစ်တဲ့စိတ်ကို ပြောရလို့ရှိရင် တစ်နေ့

www.dhammadownload.com



တည်း မြင်တဲ့စိတ်ပဲ မရေတွက်နိုင်ဘူး၊ အပါယ်သွားမည့်စိတ်တွေ (မှန်ပါ) ရေတွက်နိုင်ပါ့မလား . . . (မရေတွက်နိုင်ပါဘုရား)။

မျက်စိတစ်မှိတ်မှာ ကုဋေတစ်သိန်းတောင် ဖြစ်တာပဲ . . . (မှန်ပါ)၊ ကုဋေတစ်သိန်းထဲက အကုသိုလ်ဇောကတော့ ကုဋေငါးထောင်လောက်တော့ မပါပေဘူးလား . . (ပါ၊ ပါတယ်ဘုရား)။

အဲ . . ကုဋေငါးထောင်လောက်ဖြစ်တဲ့ အကုသိုလ်စိတ်တွေဟာ တစ်ခါတစ်ခါ အပါယ်ငရဲမှာ ခံရမယ်ဆိုရင် ဒီစိတ်ပေါင်း ဘယ်လောက် ချွတ်ယွင်းချက် ရှိနေသတုံး . . ငါးထောင်လျှော့လျှော့လောက် ကျန်နေတယ် . . . (မှန်ပါ့)။

နှစ်စိတ်လောက် အကုသိုလ်ဖြစ်လိုက်မယ်ဆိုတော့ ခုနင်က ကုဋေငါးထောင် ထပ်လာဦးမယ် (မှန်ပါ့) ဒါကြောင့် လွတ်ရက် ရှိနိုင်သေးရဲ့လား . . . (မရှိပါဘုရား)။

အဲဒီတော့ လွတ်ရက်မရှိတဲ့ နေရာဌာနရောက်ဖို့ တပည့်တော်တို့ ရိက္ခာစုလာတယ်ဆိုတာ နာအောင်ပြောတာ မဟုတ်ပါဘူး (မှန်ပါ့) ဦးဇံရင် နာအောင်ပြောတာလား ဖြစ်စဉ်ကိုက်ပြောတာလား . . . ဖြစ်စဉ်ကိုက် ပြောတာပါဘုရား)။

www.dhammadownload.com



အဲဒီတော့ အခုပြုံးသံလောက် ဟိုမှာ မဲ့ရမည်ဆိုတဲ့ ဥစ္စာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ပြီးတော့ ကံကလည်း ပြုလိုက်တဲ့ကံကြောင့် ဒီကစုတိပြီး ဟိုမှာ ပဋိသန္ဓေဆိုတော့ ဟိုမှာအရှင်သွားဖြစ်တယ်။ (မှန်ပါ့) ဓားတွေလှံတွေနဲ့ ငရဲထိန်းတွေက ခုတ်လိုက်ထစ်လိုက်ပေမယ့် သေသွားသလားဆိုတော့လည်း အပြီးသေသွားတာမဟုတ်ဘူး. . . (မှန်ပါ့)၊ သေသွားလို့ ငါးကြော်တဲ့အခါ အသေကောင်ကြီး အကြော်ခံနေရသော်လည်း အသေကောင်ကြီး ကြော်နေတာ သူ့မှာ နာတော့တာမှမဟုတ်ဘဲ ကိစ္စမရှိဘူး. . . (မှန်ပါ့)၊ သူက ဒီလိုမသေဘူး ဒကာဒကာမတို့ အရှင်ခံနေရတာ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အရှင်ခံရမည့်အလုပ်က နှစ်အရေအတွက်ရှိရဲ့လားလို့မေးတော့ နှစ်အရေအတွက်တော့ ဘုရားမဟောဘူး၊ မိမိလုပ်ထားတဲ့ ကံပေါ်မှာ တည်တယ် (မှန်ပါ့) ဒီကံကုန်ရင် ကုန်မယ်၊ ဒီကံမကုန်ရင် (မကုန်ပါဘုရား) ဘယ့်နှယ်လုပ်မလဲ ဦးဇင်းတို့၊ ကံကလည်း ကုန်စရာများရှိသေးရဲ့လား (မရှိပါဘုရား) မျက်စိတစ်မှိတ် ငါးထောင်လောက်၊ မျက်စိနှစ်မှိတ် သုံးမှိတ်လောက်ဆိုတော့ မျက်စိမှိတ်ပေါင်းက ဘယ်လောက်ပါလိမ့် (မရေမတွက်နိုင်ပါဘုရား)။

www.dhammadownload.com



## အကုသိုလ်ကြွေးက လည်ပင်းမကတော့ဘူး

အဲ. . . မျက်စိ တစ်မှိတ်တောင် အကုသိုလ်စိတ်တွေက ဒါလောက်တောင်များများဖြစ်တယ်ဆိုတော့ ဒကာဒကာမတွေမှာ ကြွေးလည်ပင်မကပါဘူး၊ လူကိုမြုပ်နေပြီ (မှန်ပါ့) အကြွေးလည်ပင် ကသေးရဲ့လား (မကပါဘုရား) ဘာယ့်နှယ်ဆိုကြမလဲ (လူကိုမြုပ်နေပါတယ်ဘုရား)။

လူကိုမြုပ်နေတော့ ဒကာ ဒကာမတို့ ဒီအတိုင်းသာဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်သေခါနီးမှာ ကိုယ်ကျိုးနည်းပြီဆိုတဲ့ ဟိုဘက် ဒီဘက်ခေါင်းအုံးပေါ် မျက်ရည်စီးကျတဲ့အလုပ်သာ ဖြစ်ရမယ် (မှန်ပါ့) ဒီနိမိတ်က ဒီသွားရာလမ်းခရီးကို မြင်ရမယ် (မှန်ပါ့) အမေလည်းမပြောနိုင်ဘူး၊ အဖေလည်း မပြောနိုင်ဘူး၊ သူ့ဟာသူ မြင်ပြီး 'ဖျတ်' ဆို ဒီစုတိစိတ်ဖြစ်တယ်၊ 'ဖျတ်'ဆို ဟိုမှာသွားရောက်တယ် (မှန်ပါ့ဘုရား) ကြာရဲ့လား (မကြာပါဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ ဘုရားမှာတော်မူတာ မလုပ်သင့်ဘူးလား (လုပ်သင့်ပါတယ်ဘုရား) သေခါနီးမှ စိတ်နှလုံး မသာယာတဲ့ဖြစ်တွေကြီးနဲ့ ညှိုးငယ်တဲ့မျက်နှာတွေနဲ့ မသေလိုက်ပါနဲ့ ဒီအချိန်မှာ ကိုယ်တိုင် တွေ့ရလိမ့်မယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ လေးလေးနက်နက် စဉ်းစားဖို့ အချိန်ရောက်လာပါပြီ (မှန်ပါ့ဘုရား) မရောက်သေးဘူးလား

www.dhammadownload.com



(ရောက်ပါပြီဘုရား) အားလုံးပဲ အားလုံးပဲ၊ အမေ မိဘ ညီအစ်ကို မောင်နှမ မတော်ဘူးတာ ဘယ်သူမှ မရှိ သလောက်ပါပဲ (မှန်ပါ့ဘုရား) ဒါဟာ သက်သက် လေးလေး နက်နက် သတိပေးနေတာပဲ (မှန်ပါ့)။

ဘုရားဟောတော်မူလို့ သတိပေးတာပဲ ဒကာ ဒကာမတို့ (မှန်ပါ့) ဖြစ်စဉ်လည်း ကြည့်ကြပါ သေသေချာချာ ကိုက်ပါတယ်၊ ဘာမှ သံသယမရှိပါနဲ့၊ စုတိပြီး ပဋိသန္ဓေလာ တာပဲ (မှန်ပါ့) သူက အနန္တရပစ္စည်း၊ သူကအနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ကိုး (မှန်ပါ့ဘုရား) ဘာမှ သံသယရှိဖို့ လိုသေး သလား (မလိုပါဘုရား)။

အနန္တရပစ္စယော အခြားမရှိမူ၍ ကျေးဇူးပြုတတ် သော တရားသည်လည်းကောင်းဆိုတော့ သူလည်း စုတိစိတ် လည်း ချုပ်ပါရော ဒီပဋိသန္ဓေကချက်ချင်းလာတယ် (မှန်ပါ့) ချက်ချင်းဖြစ်တယ်ဆိုတော့ ကြားထဲမှာ အခြားများရှိသေးရဲ့ လား . . . (မရှိပါဘုရား)။

## မဂ်အလုပ်သာကယ်နိုင်တယ်

အဲဒီတော့ ခင်ဗျားတို့ ဘာမှတွေးမနေနဲ့တော့ ဒီက ပြန်လို့ရှိရင်ဖြင့် ဒီမှာလာတဲ့အခါမှာဖြစ်စေ၊ ဒီကပြန်တဲ့အခါ မှာဖြစ်စေ. . ကိုင်း. . . တို့ကို ဆရာသမားက လေးလေး

www.dhammadownload.com



နက်နက်နဲ့ ပြောတာပဲ အကြောင်းဖြစ်စဉ်ကလည်း မှန်တာတကြောင်း၊ ဘုရားကိုယ်တိုင်ကလည်း အရေးတကြီးမှာခဲ့တာတကြောင်းဖြစ်လို့ မဂ်အလုပ်ပဲ လုပ်မယ်လို့ ဆုံးဖြတ်ချက်ချကြပါ (မှန်ပါ့ဘုရား) မဂ်အလုပ်ဆိုတာ ဖြစ်ပျက်ရှုတာ. . . (မှန်ပါ့)။

မဂ်အလုပ် လုပ်လိုက်လို့ရှိရင် ခုနင်က မျက်စိတစ်မှိတ် ကုဋေငါးထောင်ကျော် ဇောစိတ်တွေကဖြစ်ပျက်နေတော့ ဇောစိတ်တွေကို ရေတွက်နိုင်ရဲ့လား (မရေတွက်နိုင်ပါဘုရား) အဲဒီအထဲမှာ မဂ်စစ်တစ်ခါပေါ်ရင် အပါယ်သွားရမည့်အကုသိုလ်ကံတွေ အကုန်လုံး အဟောသိကံဖြစ်တယ် (မှန်ပါ့) ဘာမှ ကြောက်စရာမရှိဘူး. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်၊ မဂ်အလုပ်သာ ကယ်တင်နိုင်တာပေါ့ ဒီပြင်ဟာကတော့ ယာယီပဲ ကယ်နိုင်တယ်နော် . . . (မှန်လှပါဘုရား) မဂ်ကတော့ဖြင့် အမြဲကယ်နိုင်တယ် အကုသိုလ်ကံတွေ အဟောသိကံဖြစ်အောင် ကယ်နိုင်တယ် (မှန်လှပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ သိန်းပေါင်းများစွာ ကြွေးတင်နေတာကို ဆားတစ်လျက်နဲ့ ကျေပါ့မယ်လို့ ကြွေးရှင်တွေက ပြောနေပါလျက်သားနဲ့ ဆားကလေးတစ်လျက်မှ သွားပြီးမပေးချင်တာလည်း ခင်ဗျားတို့ဖျင်းလွန်းတယ်. . (မှန်ပါ့)၊ မဆိုထိုက်ဘူးလား. (ဆိုထိုက်ပါတယ်ဘုရား)။

www.dhammadownload.com



သိန်းပေါင်းများစွာကြွေးတင်နေတာကို ဆားတစ်လျက်နဲ့ကျေပါ့မယ်လို့ မကြွေးရှင်က ပြောနေတာတောင် မာန်ခံနေရင်တော့ ခက်တယ်. . . (မှန်ပါ့)၊ မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ အကုသိုလ်ကြွေးပေါင်း ဘယ်လောက်ရှိသတုံး. . . (မရေမတွက်နိုင်ပါဘုရား)၊ မဂ်တစ်ကြိမ်တည်းပေါ်ပါတဲ့ ပျောက်ပါတယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒီမဂ်တစ်ကြိမ်တည်းပေါ်ဖို့ အလုပ်ကလေးကို ခင်ဗျားတို့ဈေးကိုင်ပြီးသကာလ ဘာဖြစ်လို့နေသတုံးလို့ မေးလို့ရှိရင်ဖြင့် ကြွေးနည်းလို့နေတာလား၊ ခင်ဗျားတို့က မသိမလိမ္မာမှုကြောင့် ဒါလောက်ကလေးမှ အောက်ကျနောက်ကျခံပြီး ဆားတစ်လျက်မှမပေးချင်လို့လားတောင် မေးဖို့လိုလာတယ်. . . (မှန်ပါ့)၊ မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

## တစ်စတစ်စလို့ မသုံးပါနဲ့

အဲဒီတော့ ဒီမဂ်ကလေးကလည်းပဲ ကယ်မည့် ယူမည့်သူရှိတဲ့ဉစ္စာကို ကြိုးစားအားထားမှုကလေးဖြင့် ဒီတစ်စ, တစ်စ ရအောင်တော့လုပ်ရမှာပဲဆိုတာမျိုး ဒီတစ်စတစ်စကို မသုံးပါနဲ့၊ ကြွေးပိလာလိမ့်မယ်. . . (မှန်ပါ့)၊ တစ်စတစ်စ မသုံးပါနဲ့ ဦးဝတို့. . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



တစ်စတစ်စဆိုတာ ခင်ဗျားတို့လုပ်ထားတဲ့ ဒီက တစ်စတစ်စပေါ်မှာ ဟိုကအစပေါင်းများစွာက လာလာဖုံး တယ်. . . (မှန်ပါ့)၊ မဖုံးဘူးလား. . . (ဖုံးပါတယ်ဘုရား)။

အဲဒါတွေထောက်ကြည့်တော့မှ ဦးခင်မောင်ရေ၊ မလုပ်ဖြစ်တဲ့အလုပ်ဟာ ကိုယ့်ကိုယ်ကယ်တင်မည့်အလုပ်ကို ပြောတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မလုပ်မဖြစ်တဲ့အလုပ်ကဘာပါလိမ့်. . (ကိုယ့်ကိုယ် ကိုကယ်တင်မည့်အလုပ်ပါဘုရား)၊ အဲ- ကိုယ့်ကယ်တင်မည့် အလုပ်မို့ မလုပ်မဖြစ်တဲ့အလုပ်ထဲသွင်းပါလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့)၊ မပေးသင့်ဘူးလား. . . (ပေးသင့်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိရင်တော့ဗျာ သားကြား၊ သမီးကြား၊ ဆွေကြား၊ မျိုးကြားထဲကနေပြီးတော့ အပါယ်လေးပါးသွား ရမှာ. . . (မှန်ပါ့)၊ ဘယ်သူက ကယ်တင်နိုင်သေးသတုံး. . . (မကယ်နိုင်ပါဘုရား)။

ဘယ်သူမှမကယ်နိုင်ဘူးဆိုတာ မကယ်နိုင်ခြင်း၏ အကြောင်းကို ခုနင်က သိန်းပေါင်းများစွာ အကုသိုလ်တွေက ဆက်ဆက် ဆက်ပြီးလာမှာပဲ. . : (မှန်ပါ့)၊ တစ်ခါကျရင် ပေါ် စရာများရှိသေးရဲ့လား. . . (မရှိနိုင်ပါဘုရား)။

ကိုင်း- ဒါဖြင့် ဒကာဒကာမတို့ ဒါဟာ ခင်ဗျားတို့

www.dhammadownload.com



နောက်ဆုံးပိတ် ဒီဥစ္စာဖြင့် အရေးကြီးတဲ့အချက်မို့ ဩော်-ဒါမှတစ်ပါး ကိုးစားစရာ အားထားစရာ တို့မှာမရှိတော့ဘူး . . . (မှန်ပါ့)၊ ဒါကလေးတစ်ခုပဲ ကယ်မည့်သူ ယူမည့်သူ ရှိတယ်ဆိုသဖြင့် ဦးဘတင် ဒို့ပြင်ဟာ အားကိုးမရှာနဲ့တော့ . . . (မှန်ပါ့)။

ဦးခင်မောင် ဘာပဲအားကိုးရှာရမှာတုံး. . . (ဝိပဿနာပဲ အားကိုးရှာရပါမယ်)၊ ဝိပဿနာမဂ်ပဲ. . . (မှန်ပါ့)၊ ဝိပဿနာမဂ်ကနေပြီး လောကုတ္တရာမဂ်ကို တက်ဖြစ်အောင် သာ အားလုံး ဒကာဒကာမတွေ ကြိုးစားပါ၊ ဒို့ပြင်ဟာတွေက မလုပ်မဖြစ်တာ မဟုတ်ဘူးနော်. . . (မှန်ပါ့)။

ဒီဟာကတော့ မလုပ်ရင် မဖြစ်ကိုမဖြစ်တာလို့ မှတ်ပါ. . . (မှန်ပါ့)၊ မလုပ်မဖြစ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြောရရင် ကြွေးများလွန်းလို့ ကြွေးဆပ်တဲ့အလုပ်ကို မလုပ်မဖြစ်တာ. . . (မှန်ပါ့)။

## ကြွေးဆပ်တဲ့အလုပ်

ကြွေးကဘယ်လောက်များသတုံး. . . (မရေမတွက်နိုင်အောင်များတယ်)၊ အဲဒါ ဘာနဲ့ဆပ်ရမတုံး. . . (ဝိပဿနာမဂ်၊ လောကုတ္တရာမဂ်နဲ့ဆပ်ရပါ့မယ်)၊ လောကုတ္တရာမဂ်ပေါ့ဗျာ၊ မဂ်နဲ့ဆပ်ရမယ်ဆိုကြပါစို့. . . (မှန်ပါ့)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

www.dhammadownload.com



ကြွေးပေါင်းကလည်း ရေတွက်နိုင်ကြရဲ့လား. . . (မရေတွက်နိုင်ပါဘုရား)၊ ဆားတစ်လျက်နဲ့ ကျေမည့်အလုပ်ကို မလုပ်ဖြစ်ဘူးဆိုရင်ဖြင့် သူ့ထက်မိုက် သူ့ထက်ညံ့ကတော့. . . (မရှိပါဘုရား)။

မရှိတော့ဘူးဆိုတာ မသိတုန်းကတော့ မသိသလိုနေခဲ့တာက ဒီလိုသစ္စာတရားကို မနာရလို့ရှိပါစေတော့၊ အခုတော့ဖြင့် ဒီအလုပ်ဟာ ဩော်- အဟုတ်ကယ်တင်နိုင်တဲ့အလုပ်ပဲဆိုတဲ့ဉစ္စာ ဒကာဒကာမတွေ ကောင်းကောင်းရှင်းပြီပါတယ်. . . (မှန်ပါ့)။

## အကုန်အဟောသိကံဖြစ်တယ်

ဘယ်လောက်ပဲ မိုက်ခဲ့မိုက်ခဲ့၊ ဘယ်လောက်ပဲ တေခဲ့တေခဲ့ ဒီမဂ်သာရရင် အကုန်အဟောသိကံ ဖြစ်တာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဝိပဿနာအလုပ်သာ ခင်ဗျားတို့လုပ်လို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်ကို... ပဋ္ဌာဂီက မဂ်ဆိုတဲ့ ဝိပဿနာမဂ်ငါးပါးရတယ်၊ နောက် ကြိုးစားလိုက်တော့ ဒုက္ခအဆုံးမြင်တော့ ရှစ်ပါးရတယ်. . . (မှန်ပါ့) အဲဒီရှစ်ပါးလည်းရပါရော သွားရော၊ ဟိုဟာတွေ အကုန်အဟောသိကံဖြစ်တာပဲ . . . (မှန်ပါ့) ဒီဘဝ လုပ်ထားတာတွေသာအဟောသိကံဖြစ်တယ်လို့ မထင်ပါနဲ့၊ နောက်က

www.dhammadownload.com



စောင့်နေတာတွေတောင် အဟောသိကံ ဖြစ်တယ်. . . (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ . . . (နောက်က စောင့်နေတာတွေတောင် အကုန်အဟောသိကံဖြစ်ပါတယ် ဘုရား) ဒီဘဝမိုက်ထားတာတွေလည်း . . . (အကုန်အဟော သိကံဖြစ်ပါတယ်ဘုရား) ဒါဖြင့် ဆားတစ်လျက်နဲ့ ကျေတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ကိုင်း . . . အားလုံး ဒကာ ဒကာမတို့ ဩော် . . . ဘုရားသည် အကြိမ်ပေါင်းများစွာ မှာတော်မူတယ်ဆို တာ ကျုပ်တို့ ခင်ဗျားတို့အပေါ် မှာဖြင့် ရာဟုလာသားကဲ့သို့ သနားတယ်၊ ရာဟုလာ ကျွတ်တမ်းဝင်လိမ့်မယ်ဆိုတာ မြင်တော်မူပြီးသားပဲ . . . (မှန်ပါ့ဘုရား)။

ကျုပ်တို့ ကျွတ်တမ်းမဝင်မည့် လူတွေ သူနဲ့မတွေ့နိုင် တဲ့သတ္တဝါတွေအတွက် ထားပစ်ခဲ့တဲ့အမွေ၊ ထားပစ်ခဲ့တဲ့ မှာတမ်း . . . (မှန်ပါ့)။

အဲဒါတွေ သေသေချာချာထောက်ကြည့်တော့မှ ဩော် . . . တို့အတွက် ပြောတဲ့စကားကို တို့ကနားမှာမထား တော့ဘူးဆိုရင်ဖြင့် တို့ထက်မိုက်တာ၊ တို့ထက်ပေတာတော့ ဖြင့် မရှိတော့ဘူးဆိုတဲ့ဥစ္စာ စဉ်းစားကြပါ . . . (မှန်ပါ့)။

ကဲ . . . ကယ်မည့်တရားကလေးတွေပလား . . .

www.dhammadownload.com



(တွေ့ပါပြီ) ဆားတစ်လျက်နဲ့ ကျေတယ်နော် (မှန်ပါ) ဆား တစ်လျက်ဆိုတာ မဂ်တစ်ချက်ပေါ်ရင် ကျေတယ် . . . (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဘယ်လောက်ကြီး အကုသိုလ်ကံတွေ ဖြစ်ဖြစ် ဘာဖြစ်ရမတုံး . . . (အဟောသိကံဖြစ်ရပါမယ်) အဟောသိ ကံဖြစ်ရပါမယ်ဆိုတာ ဒကာ ဒကာမတွေကို ဝတ္ထုသာဓက ထုတ်၍ သတိတစ်ခု ပေးလိုက်ပါဦးမယ် . . . (မှန်ပါ)။

မိလက္ခုတိဿ ရဟန်း ဆိုတာရှိတယ်၊ ဒါ ဝတ္ထု သက်သေလုံလောက်အောင်ထုတ်ပြပါ့မယ်၊ ပေါ့နေ့မှာကို ဘုန်းကြီးက အင်မတန်စိုးရိမ်လို့ပါ. . . (မှန်ပါ)။

## မိလက္ခုတိဿရဟန်း

မိလက္ခုတိဿရဟန်းဆိုတာက ဦးခင်မောင်တို့ ဦးဝ တို့ မှတ်စရာက သူ လူ့ဘဝတုန်းက မုဆိုးကိုဗျ. . . (မှန်ပါ)၊ တောထဲမှာသွားတယ်ဆိုရင် ကျော့ကွင်းတွေ ဘာတွေကို များစွာယူသွားပြီး သားတွေ ဘာတွေ သမင်တွေကို ထောင် ဖမ်း၊ လက်နက်တွေနဲ့သတ်၊ အမျိုးမျိုးအဖုံဖုံ သူ့အလုပ်ဟာ ဒါနဲ့အသက်မွေးနေတယ်. . . (မှန်ပါ)၊ တစ်သက်လုံးတော့ မုဆိုးအလုပ်နဲ့အသက်မွေးနေတယ်၊ ဒကာဒကာမတို့. . . (မှန်ပါ)၊ အဲဒီတော့ ကုသိုလ်လို့များ ပါသေးရဲ့လား. . . (မပါ၊ ပါဘုရား)။

www.dhammadownload.com



တစ်နေ့သဉ္ဇာကျတော့ သူ တောမှုဆိုးလုပ်လာရတာ အသက်ရှည်လာတော့ ဒကာဒကာမတွေ စောစောစီးစီး သိစေချင်တာက အကုသိုလ်အလုပ်လည်း အကုသိုလ်စိတ်ဟာ ခုနစ်ခါခုနစ်ခါ ဇောခုနစ်ကြိမ်ဖြစ်တယ်နော်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဇောခုနစ်ကြိမ်

အဲဒီတော့ ဇောခုနစ်ကြိမ်ပေါင်းဟာ ရေတွက်နိုင်ပါ့မလား. . . (မရေတွက်နိုင်ပါဘုရား)၊ မရေတွက်နိုင်တော့ ၁, ၂, ၃, ၄, ၅, ၆, ၇ ဟုတ်လား၊ အကုသိုလ်တစ်ခါလုပ်တယ်ဆိုရင် ဇောဟာ ခုနစ်ကြိမ်ဖြစ်တယ်. . . (မှန်ပါ့)။

ဟောဒီမှာကြည့် ဒီပထမဇောနံပါတ် ၁, မနေဘူးလား. . . (နေပါတယ်)၊ ဒီ ၁, နံပါတ်မှာရှိတဲ့ ပထမဇောက ဒီဘဝအကျိုးပေးမယ်တဲ့၊ ဒီအထဲမှာပါတဲ့ စေတနာက ဒီဘဝမှာ အကျိုးပေးရမယ်. . . (မှန်ပါ့)။

ဟောဒီ ဒုတိယဇောမှ ဆဋ္ဌဇောတိုင်အောင် အလယ်ငါးဇောက တတိယဘဝမှ နိဗ္ဗာန်မရမချင်းလိုက်ပြီး အကျိုးပေးမယ်. . . (မှန်ပါ့)၊ ၁, နံပါတ်က ဘယ်ဘဝမှာအကျိုးပေးမယ်. . . (ဒီဘဝမှာပဲအကျိုးပေးပါမယ်)၊ ၇, နံပါတ်ခြောက်ကတော့. . . (ဒုတိယဘဝမှာအကျိုးပေးပါတယ်)၊ အလယ်

www.dhammadownload.com



ငါးခုကကော. . . (နိဗ္ဗာန်ရသည့်တိုင်အောင် အကျိုးပေးပါမယ်)၊ နိဗ္ဗာန်မရမချင်း အကျိုးပေးတယ်၊ တတိယဘဝကစလိုက်တာ. . . (မှန်ပါဘုရား)၊ ဪ- ဒီအလယ်ဇောတွေကလိုက်နေကြတာကိုး. . . (မှန်ပါ)။

ဒကာဒကာမတို့ ဒါဖြင့် ခင်ဗျားတို့မှာ နှုတ်ခမ်းကလေးစူရင်လည်း ဒီခုနစ်ကြိမ်လာတာပဲ. . . (မှန်ပါ)၊ ဖိနပ်ကလေးဆောင့်နင်းရင်ကော. . . (ခုနစ်ကြိမ်လာပါတယ်ဘုရား)၊ ကျုပ်စိတ်ထဲမှာ မကောင်းဘူးဆိုရင်ကော. . . (ခုနစ်ကြိမ်လာပါတယ်ဘုရား)၊ ဟော ဒါဖြင့် ခုနစ်ကြိမ်လာတော့ ဒီပထမအကြိမ်ဖြစ်တဲ့ဇောက ဘယ်အချိန်အကျိုးပေးတာတုံး. . . (ယခုဘဝတွင်ပေးပါတယ်)၊ ဒီသတ္တမအကြိမ်ကတော့. . . (ဒုတိယဘဝအကျိုးပေးပါတယ်)၊ အလယ်ငါးခုကကော. . . (တတိယဘဝမှစ၍ နိဗ္ဗာန်မရမချင်း အကျိုးပေးပါတယ်ဘုရား)။

အဲ- တတိယဘဝမှစ, တယ်ဟုတ်လား။ နိဗ္ဗာန်မရမီစပ်ကြားမှာ သူ့ အဟောသိကံမဖြစ်ဘဲနဲ့ အကျိုးပေးလိုက်နေမှာပဲ . . . . (မှန်ပါ)၊ ကဲ- မောင်သစ် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခုနင်ကပြောခဲ့တဲ့ မိလက္ခမုဆိုးမှာ ဒီ ပထမဇောပေါင်း ဘယ်လောက်ရှိမယ်ထင်သတုံး

www.dhammadownload.com



. . . (မရေတွက်နိုင်ပါဘုရား)၊ ဒါဖြင့် ဒီပထမဇောတွေက ဒီဘဝအကျိုးပေးနိုင်တယ်. . . (မှန်ပါ)၊ ဒီဘဝတွင်ကို သူက ပေးလိမ့်မယ်၊ ရှင်းပလား. . (ရှင်းပါပြီဘုရား)။

**ပထမဇော အကျိုးပေးပုံ**

ကဲ-ဒါဖြင့် ဒီဘဝအကျိုးပေးပုံကို ဦးခင်မောင်တို့၊ ဦးဝတို့ ထုတ်ကြရမှာပေါ့. . . (မှန်ပါ)၊ သူဟာ တစ်ခါတည်း တောမုဆိုးလုပ်ပြီးသကာလ သားကောင်တွေကို သတ်ဖြတ်စားသောက် ရောင်းချ၊ ဒါနဲ့ သားတွေ မယားတွေကို ကျွေး၊ ဒီလိုနဲ့ချည်းပဲ အချိန်ကုန်ပြီးသကာလ လာတာ တစ်နေ့သ၌ ကျတော့ သူကျော့ကွင်းတွေနဲ့ တောထဲသွား၊ ရတဲ့သားကောင်ကို နေရာမှာပဲ သတ်ဖြတ်ကင်ပြုစားတော့ ရေဆာလောင်မွတ်သိပ်ပါတယ်. . . (မှန်ပါ)၊ ရေဆာလာတာနဲ့ ကျောင်းတစ်ကျောင်းသွားတွေ့တယ်၊ ကျောင်းတစ်ကျောင်းသွားတွေ့တော့ ရဟန်းတော်တစ်ပါးက သင်္ကန်းချုပ်နေတယ်၊ ရေအိုးမြင်တာနဲ့ သူကလည်း ရေအိုးစင်ဆီကို ဦးခင်မောင်ဝင်တာပေါ့ဗျာ. . . (မှန်ပါ)။

ရေအိုးစင်ဆိုတော့ ရေကို ရဟန်းဆီမှာ မတောင်းတော့ဘူး၊ ရေအိုးစင်ဆိုတာ လူတိုင်းသောက်နိုင်တယ်ဆိုတာ သူသိတာနဲ့ ရေခပ်လိုက်တော့တာပဲ၊ ရေအပြည့်ထည့်ထား

www.dhammadownload.com



တဲ့ရေအိုးဟာ ဒကာဒကာမတို့ ရေမရှိတော့ဘဲ ချောက် ချောက် ချောက်ချောက်မြည်နေတယ်. . . (မှန်ပါ့)၊ ရေ အပြည့်ထည့်ထားတာကို ချောက်ချောက်မြည်နေတယ်. . . (မှန်ပါ့)၊ ဘာဖြစ်လို့တုံး ရေပျောက်သွားတယ်. . . (မှန်ပါ့)။

ဒါ ဘယ်သူခပ်လို့ပျောက်သွားတာတုံး. . . (မှုဆိုးခပ် လို့ပျောက်တာပါ)၊ ရေရှိလျက်နဲ့ ရေပျောက်နေတာနော်. . . (မှန်ပါ့)။

ဦးခင်မောင် ဒါဟာ ဘယ်ဇောသတ္တိထင်သတုံး. . . (ပထမဇောသတ္တိပါဘုရား)၊ ဟောဒီဘဝတွင်ပင် အကျိုးပေး တာနော်. . . (မှန်ပါ့)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါကြောင့်- ဒီပထမဇောအကြောင်းကို ဦးခင်မောင် တို့အား ရှေ့ပိုင်းကရှင်းလင်းပြခဲ့တယ်. . . (မှန်ပါ့)၊ ကဲ-ပထမ ဇောက ယခုဘဝနော်. . . (မှန်ပါ့)၊ ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အတွင်း အကျိုးပေးတာ ဒီဇောက. . . (မှန်ပါ့)၊ တစ်ခါလုပ်လို့ရှိရင် ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အတွင်း သူက အကျိုးပေးနိုင်တာပဲ. . . (မှန်ပါ့)၊ ဦးခင်မောင် ဒီဟာ ဗဟုသုတလည်းဖြစ်ကရော လိုရင်းလည်း ခင်ဗျားတို့ ပေါ့နေ တာကိုလည်း မပေါ့အောင်လို့ ဒီအဓိပ္ပာယ်ပြောနေတာ. . . (မှန်လှပါ)၊ ပေါ့နေတာ ဒီအဓိပ္ပာယ်သိတော့ မပေါ့နိုင် တော့ဘူး။

www.dhammadownload.com



ကိုင်း- ဒါဖြင့် ဒကာဒကာမတို့ ရေအိုးဟာ ချောက်ချောက် ချောက်ချောက်မြည်ပါတယ်ဆိုကတည်းက ရေ ပျောက်လို့ပဲ. . . (မှန်ပါ)၊ ရေရှိရင် မြည်ပါ့မလား. . . (မမြည်ပါဘုရား)၊ ရေခပ်တယ်ဆိုရင် ရေတင်ပါလာမှာပေါ့၊ ရေအိုးဟာ ဘာမြည်စရာရှိသေးသလဲ. . . (မရှိပါဘုရား)။

## ရဟန်းတွေကို အပြစ်တင်တယ်

အဲဒီတွင် သူ့စိတ်ထဲမှာ ဦးဝတို့ဖြစ်လာတယ်၊ ဩော်- ငါသွားခပ်တဲ့ရေအိုးမှာ ရေလည်းမရှိဘူး၊ ရဟန်းကလည်း ဒီအနားမှာ သက်နှဲချုပ်နေတယ်၊ ဒီမုဆိုးကပဲ အပြစ်တင်လိုက်သေးတယ် ဒကာဒကာမတို့၊ ရဟန်းတွေဟာ သူတစ်ပါးတွေလှူတာ၊ ပေးတာ၊ ကမ်းတာတွေစားပြီး ကိုယ့်ကျောင်းမှာ သေနာသနဝတ်ဆိုတဲ့ ရေကလေးတောင်မှ ပြည့်အောင်မခပ်ဘူးတဲ့၊ သူကပဲမြည်ကာတွန်ကာနဲ့ နေလိုက်သေးတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ ရေပျောက်တာက သူ့ကြောင့်ပျောက်တာ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါနဲ့ ရဟန်းကကြားရော ရဟန်းကလည်း ရဟန္တာ ဒကာဒကာမတို့ ညံ့တာမဟုတ်ဘူး. . . (မှန်ပါ)၊ ရဟန်းကကြားတော့ ဘယ့်နှယ်ဒကာပါလိမ့်မတုံး၊ ငါမနက်ကပဲ ရေအိုး

www.dhammadownload.com



တွေ့ရေအပြည့်အကုန်ထည့်ထားပါလျက်သားနဲ့ သူခပ်တော့ ရေအိုးကမြည်နေတယ်၊ ရေလည်း သူ့မှာသောက်ရှာရတာ မဟုတ်ဘူး. . . (မှန်ပါ့)၊ ငါ့ကိုတောင် အပြစ်တင်ပြီးသကာလ နေသေးတယ်၊ ငါသွားကြည့်ဦးမယ်ဆိုပြီး သွားပြီးကြည့်လိုက်တော့ ရေအပြည့်ပဲရှိတယ်. . . (မှန်ပါ့)။

## ရဟန်းခပ်ပေးမှ ရေသောက်လို့ရတယ်

ဒကာဒကာမတို့ ဘယ်ဈာနအကျိုးပေးတာတုံး. . . (ပထမဈာနအကျိုးပေးတာပါ)၊ ဟာ- မောင်သစ်တို့ သိပ်ကြောက်စရာကောင်းပါလားဟေ့. . . (မှန်ပါ့)၊ ပထမဈာနအကျိုးပေးတယ်ဆိုတော့ ဒီဘဝတွင်ပင် ဒကာဒကာမတို့ အကျိုးပေးတာ ငြင်းစရာများလိုသေးသလား. . . (မလိုပါဘုရား)။

ကောင်းပြီ၊ ဒါနဲ့ ရဟန်းကထကြည့်ပြီးတော့ ရေအပြည့်ပဲရှိတယ်. . . (မှန်ပါ့)၊ ဒါနဲ့ သူ့ကိုမေးတယ်၊ ဒကာလာပါဦး၊ ဘာကိစ္စတုံး၊ ရေသောက်ချင်တာပဲမဟုတ်လားမေးတော့၊ ရေသောက်ချင်ပါတယ်ဆိုတော့ ရဟန်းကခပ်ပေးတော့လည်း သူ ဝ,အောင်ပဲသောက်ရတယ်. . . (မှန်ပါ)၊ သူသာခပ်ရင်တော့ မရတော့ဘူး. . . (မှန်ပါ့)။

ခင်ဗျားတို့လည်း စကားစပ်မိလို့ ထည့်ပြီးဆုံးမရမှာပဲ၊

www.dhammadownload.com



ငွေတွင်းနက်တယ်ဘုရား၊ ငွေတွင်းနက်တယ် စသည်နဲ့ သုံးစွဲလာကြတယ်. . . (မှန်ပါ့)၊ ငွေပျောက်လာပြီ၊ ဘယ်သူက အကျိုးပေးတယ်ဆိုတာရိပ်မိကြပလား. . . (ရိပ်မိပါပြီ၊ ပထမဇောကပါဘုရား)။

အစာရေစာတွေရှားပါးခေါင်းပါးလာကြတယ်၊ ဘယ်ဇောသတ္တိပါလိမ့်. . . (ပထမဇောပါဘုရား)၊ ပြီးတော့ ခင်ဗျားတို့ပါးစပ်က ဘယ့်နှယ်များ ညည်းသတုံး. . . (ငွေတွင်းနက်တယ်လို့ ညည်းပါတယ်ဘုရား)။

ငွေတွင်းနက်တယ်၊ ရွှေတွင်းနက်တယ် ဖြစ်လာကြတယ်. . . (မှန်ပါ့)၊ အခု ကမ္ဘာလောကကြီးမှာ မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်)၊ ဖြစ်တန်သလောက်ဖြစ်နေပြီဆိုတာ သဘောကျကြပလား. . . (ကျပါပြီဘုရား)၊ ဒါ ဘယ်ဇောသတ္တိပါလိမ့်. . . (ပထမဇောသတ္တိပါဘုရား)။

အဲဒါ ကိုယ်တိုင်စဉ်းစားကြည့်ပါ၊ တို့ဟာ ဘယ်လိုများနေကြရ ထိုင်ကြရသတုံး၊ ဟိုကမ္ဘာစစ်ကြီးမဖြစ်မီက နေခဲ့ကြရ ထိုင်ခဲ့ကြရတာနဲ့ အခုကမ္ဘာစစ်ကြီးပြီးမှ နေကြရ ထိုင်ကြရတာနဲ့ ရှေ့အနာဂတ်စစ်မက်အချိန်တွေ နေရ ထိုင်ရမှာနဲ့ အမျိုးမျိုးချိန်ကြည့်ကြတာပေါ့ဗျာ. . . (မှန်ပါ့)၊ ချိန်တဲ့အခါ ကျလို့ရှိရင်ဖြင့် ရှားပါးလာတာဟာ ပိုပိုလာပါလိမ့်မယ်၊ တစ်ကမ္ဘာလုံးမှာ. . . (မှန်ပါ)၊ မပိုဘူးလား. . . (ပိုပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါ ဘာတွေတုံးဆိုတော့ ပစ္စည်းကတော့ သူ့ရာသီနဲ့၊ သူ့ဝတ္ထုနဲ့ပေါ်လျက်ဖြစ်လျက်ပဲ၊ သို့သော် ကိုယ့်လက်ထဲမရောက်တာက သေချာနေတယ်. . (မှန်ပါ့)၊ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဘယ်သူ့သတ္တိပါလိမ့်. . . (ပထမဇောပါဘုရား)၊ ဘာပထမဇောပါလိမ့်. . . (အကုသိုလ်ပထမဇောပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီပထမဇောတွေကလည်း အကျိုးပေးနေတာ အထင်အရှားဖြစ်နေတော့ ကမ္ဘာလောကကြီးမှာလည်း မိုးကလည်းခေါင်လိုက်တာမဟုတ်လား၊ မရွာသင့်တဲ့အချိန်ရွာ၊ ရွာသင့်တဲ့အချိန် မရွာဘဲနဲ့ တိုတိုပြောမယ်ဆိုလို့ရှိရင် ဒကာဒကာမတို့ အခုလိုအခါမျိုးမှာ မြေကြီးဟာအောက်မှာ မြေဩဇာရောက်သွားတယ်. . . (မှန်ပါ့)။

စိုက်တဲ့သစ်ပင် အသီးအနှံစသည်တို့ ဖွံ့ဖွံ့ဖြိုးဖြိုးမလာနိုင်ဘူး. . . (မှန်ပါ့)၊ မြေဩဇာအောက်ရောက်သွားတော့ ဘယ်လိုပင်အပေါ်ကဖြုန်းပြောသော်လည်း သူ့ပင်ကိုယ်လောက်တော့ ကောင်းပါ့မလား. . . (မကောင်းပါဘုရား)။

အဲဒါ ခုနင်ကပြောခဲ့တဲ့ ပထမဇောတွေကနေပြီး အကျိုးပေးချလိုက်တာ၊ မကောင်းကျိုးပေါ့ဗျာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



## မြန်မြန်လုပ်မှတော်တော့မယ်

အဲဒါတွေ ထောက်ကြည့်တော့မှ ဪ- မြန်မြန်လုပ်မှတော်တော့မယ်ဆိုတာ မပေါ်လာသေးဘူးလား. . . (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ခုနင်က မုဆိုးဟာ ရဟန်းခပ်ပေးတော့ ရေသောက်ရတယ်၊ သူကိုယ်တိုင်ခပ်တော့ ရေအိုးချောက်ချောက်မြည်ပါတယ်ဆိုတာ ထောက်သဖြင့်လည်း ဘုန်းကြီးတို့ ဒကာဒကာမတွေဟာ တို့ဖြစ်စဉ်နဲ့လည်း ခပ်ဆင်ဆင်ပါကလားလို့ တွေးကြပါတော့. . . (မှန်ပါ)။

နောက်ကျတော့ လုံးလုံးတူချင် တူပါလိမ့်မယ်၊ အခုတော့ ဆင်ရုံပဲရှိသေးတယ်. . . (မှန်ပါ)၊ လုံးလုံးတူရင်တော့ဖြင့် ခင်ဗျားတို့ ဒုက္ခရောက်တော့မယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အခုတော့ ဘယ့်နှယ်နေသတုံး. . . (ဆင်ရုံပဲရှိပါသေးတယ်)၊ နောက် ချွတ်စွပ်တူက (တူနိုင်ပါသေးတယ်ဘုရား)၊ လာနိုင်တယ်၊ မိုးသာ သုံးနှစ်လောက်ခေါင်လိုက်မယ်ဆို ဒါဟာအကုန် အကုန်သွားတော့မှာပဲ. . . (မှန်ပါ)၊ မသွားပေဘူးလား. . . (သွားပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ပဌမဇောသတ္တိသိကြပလား. . . (သိပါပြီဘုရား)၊ ကောင်းပြီ၊ ပဌမဇောသတ္တိသိကြပြီ။

www.dhammadownload.com



## လူပြိတ္တာဖြစ်နေပြီ

ခုနင်က ဝတ္ထု ပြန်ဆက်ကြစို့၊ ဒါနဲ့ ရဟန်းက လူပြိတ္တာဖြစ်နေပါပေါ့လားလို့ ပြောလိုက်တော့ သတိရပြီး ဩော်- ငါ့အကုသိုလ်တွေဟာ အင်မတန်ကြီးနေပါပေါ့လား လို့ ချက်ချင်းသံဝေဂရတယ်. . . (မှန်ပါ့)။

သူ့ အကုသိုလ် အင်မတန်ကြီးနေပြီဆိုတာ ကြည့်ပါလား၊ လက်တွေ့ပဲမဟုတ်လား. . . (မှန်ပါ့)၊ ရဟန်းခပ်တိုက်တဲ့အခါ သူ ဝ,အောင်သောက်ရတယ်၊ သူကိုယ်တိုင် ခပ်လို့ရှိရင် ဘယ်အိုးခပ်လို့မှ ရတော့မှာမဟုတ်တော့ဘူး. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဒါဟာ အသက်သေပလား၊ မသေခင်က ပြနေတာလား (မသေခင်ကပြနေတာပါ ဘုရား) အဲ. . . မသေခင်ကပြတော့ သေခါနီးကျတော့ ဒီနိမိတ်တွေ လာမှာလား၊ မလာဘူးလား . . . (လာမှာပါဘုရား)။

အဲဒါကြောင့် ခုနင်က ဘုရားဟောတဲ့ ပါဠိတော်ကို ကိုသစ်တို့ကို သတိပေးရတာ . . . (မှန်ပါ့) အခုမသေခင် ဘဲ ဦးခင်မောင် သေသေချာချာ ပေါ်မနေဘူးလား. . . (ပေါ်နေပါတယ်ဘုရား)။

www.dhammadownload.com



## သက်န်းဝတ်ပါရစေ

ကိုင်း. . . ဒါနဲ့ပဲ သူ့စိတ်ထဲမှာ သံဝေဂရတယ်၊ မသေခင်ကပင် ငါဟာ လူပြိတ္တာဖြစ်နေပါပေါ့လား. . (မှန်ပါ့) လူပြိတ္တာဖြစ်နေပြီ၊ စားရမဲ့ သောက်ရမဲ့တောင် ဖြစ်နေပါပေါ့လား၊ ရေအိုးထဲကရေတောင် ပျောက်ပါပေါ့လားဆိုပြီး တပည့်တော်ဘုရား သင်္ကန်းဝတ်ပါရစေဆိုပြီး သူက တောင်းပန်တယ်. . . (မှန်ပါ့)။

အေး- ဒကာ. . . ဝတ်တာပေါ့ကွာတဲ့၊ သနားတာကိုး- (မှန်ပါ့) ဝတ်တာပေါ့ကွာဆိုပြီး ကျောင်းမှာရှိတဲ့ သင်္ကန်းကလေး ဘာကလေးထုတ်ပြီး သူ့ကိုအဝတ်ခိုင်းတယ်၊ အဝတ်ခိုင်းပြီးတော့ တရားမမ္မကို ထိုက်တန်သလောက်ပေးထားပြောသော်လည်း သူ မရှုနိုင်ဘူး၊ သူ့စိတ်ထဲမှာ ခုနင်က ကျော့ကွင်းတွေ၊ ခုတ်တဲ့ဓားတွေ၊ ဒါတွေချည့်လာထင်နေတယ်. . . (မှန်ပါ့ဘုရား)။

ဝိပဿနာရှုတဲ့အခါမှာလဲ ရှုလို့မရဘဲ မဟုတ်တာတွေ လာထင်နေတယ်။ ကောင်းသေးရဲ့လား ဒကာ ဒကာမတို့ (မကောင်းပါဘုရား)။

ခင်ဗျားတို့ ဝိပဿနာရှုတဲ့အခါလည်း သတိထားရသေးတယ်၊ သားကလေးများလာပြီးထင်၊ သမီးကလေးများ

www.dhammadownload.com



လာပြီးထင်နဲ့ ပြိတ္တာဖြစ်မလို့ဆိုတာ သေချာနေကြပါဦးမယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာများလာထင်တတ်သတုံးဗျာ- (သားသမီးများ လာပြီးထင်တတ်ပါတယ်ဘုရား)။ အင်း-သူတို့အတွက် ခက်သေးတယ်ဆိုတဲ့ အမိပ္ပါယ် ပါနေကြမယ်နော်. . . (မှန်ပါ့)။

## သူလုပ်ခဲ့တဲ့ နိမိတ်တွေ လာထင်တယ်

ဦးခင်မောင်-အရုပ်ဆိုးတဲ့ဥစ္စာတော့ မပေါ်မှနော် (မှန်ပါ့) သူမှာတော့ ဘာတွေလာထင်သတုံး ဆိုတော့ ကျော့ကွင်းတွေ၊ ခားတွေစတဲ့ သူလုပ်ခဲ့တဲ့ နိမိတ်တွေလာထင်တယ်. . . (မှန်ပါ့)။

သူလုပ်ခဲ့တဲ့ ဖြစ်စဉ်တွေ လာထင်နေတော့ ဆရာရဟာန်းကိုသွားပြီးလျှောက်တယ်၊ ဘယ့်နှယ်ဖြစ်တာတုံးမေးတော့ သူ့အဖြစ်တွေလျှောက်တယ်. . . (မှန်ပါ့)။

ရဟန္တာကြီး သွားလျှောက်တယ် အရှင်ဘုရား တပည့်တော်တော့ တပည့်တော်အကြောင်းနဲ့ တပည့်တော် ရှိပါစေတော့။

## ကျော့ကွင်းတွေ၊ ခားတွေချည့် ပေါ်နေတယ်

ရဟန္တာကြီးက ဘယ့်နှယ်ဖြစ်တာတုံးလို့မေးတော့ ဒီလိုဒီလိုပဲဘုရား၊ အရှင်ဘုရားကတော့ ဖြစ်ပျက်အရှုခိုင်းတာပဲ၊ တပည့်တော်ဖြစ်စဉ်ကတော့ ကျော့ကွင်းတွေ၊ ခားတွေ၊ လှံတွေ ဒါတွေချည်းပဲ၊ ကိုယ်လုပ်ခဲ့တာတွေချည့် ပြန်ပေါ် နေတယ်။

www.dhammadownload.com



## လူထွက်ချင်တယ်

ဩော်. . . ဒကာကြီး လူထွက်ချင်သကိုး၊ အေး. . . ဒါဖြင့် လူထွက်ချင်လို့ရှိရင် မထွက်ရဘူးလို့တော့ မဆိုလိုပါဘူး၊ ကဲကဲ သာသနာမပျော်လို့ လူထွက်ချင်ရင် ဒဏ်ထမ်းတဲ့အနေနဲ့ လက်နဲ့လုပ်ရမည့်အလုပ်တစ်ခုကို လုပ်နိုင်းတော့ မိလက္ခ ကိုရင်ကြီးက ရေသဖန်းသားစတဲ့ စိုနေတဲ့ အသားအကိုင်း အခက်တွေခုတ်ပြီး အပုံကြီး ပုံပေးလိုက်တယ်၊ ဒဏ်ကြေအောင် ပေါ့လေ၊ လူထွက်ခါနီး ခိုင်းတဲ့သဘောလေ. . . (မှန်ပါ့)။

သဖန်းသားတွေဆိုတာကတော့ ဦးခင်မောင်တို့ မြင်ဖူးမှာပေါ့၊ ခုတ်လိုက်တယ်ဆိုလို့ရှိရင် အစေးထွက်တာပဲ။

## သဖန်းသားတွေ မီးရှို့ခိုင်းတယ်

ဒီနေရာပုံကွာ၊ ပုံတဲ့အခါကျတော့ မနက်က အခုတ်ခိုင်း တာ၊ ညနေကျတော့ တစ်ပုံကြီးလောက် ဖြစ်နေတာပေါ့ဗျာ. . . (မှန်ပါ့)။

သွားကွာ၊ ဟောဒီ မီးခတ်ကျောက်နဲ့ မီးခွက်သွားယူစမ်း၊ အဲဒါကို မီးရှို့ဆိုပြီး လေးဘက်လှည့်အရှို့ခိုင်းတယ်၊ ဘယ့်နှယ် လုပ် လောင်မလဲဗျာ. . . (မလောင်ပါဘုရား)။ လောင်စရာကော အကြောင်းရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ သဖန်းသား ဆိုတာ နဂို့ဒ်ကိုက အစေးထွက်နေတာ. . . (မှန်ပါ့)၊ မီးခြစ်လေး၊ မီးခတ်ကလေးနဲ့ရှို့လို့ ဘယ့်နှယ်လုပ် လောင်မလဲဗျာ. . . (မလောင်ပါဘုရား)။

## မြေကြီးနှစ်ခြမ်းခွဲပြတယ်

မလောင်တော့ လာလျှောက်တယ်။ အရှင်ဘုရား တပည့်တော် ရှို့တာမလောင်ဘူး။ အေး-မလောင်တာ မင်းမှတ်

www.dhammadownload.com



ထား။ မလောင်မှန်းသိလျက်နဲ့ အရှို့ခိုင်းတာ၊ ဒါနဲ့ ရဟန္တာဖြစ်တဲ့သူက ဒကာ၊ ဒီအနားရပ်၊ ဘုန်းကြီးအနားရပ်ဆိုပြီး သကာလ ကြည့်ဆိုပြီး မြေကြီးကို တန်ခိုးနဲ့နှစ်ခြမ်းခွဲလိုက်တယ်။

## ငရဲသားတွေကို မြင်ရတယ်

အောက်မှာ ငရဲတွေပြတယ်။ ဒကာ ဒကာမတို့ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။ သူမြင်လောက်အောင် ပြတယ်၊ တန်ခိုးနဲ့ပြလိုက်တယ်။

ကြည့်၊ မြင်အောင်ကြည့်ဆိုပြီး မြေကြီးနှစ်ခြမ်းခွဲပြီး ပြလိုက်တော့ သူ့အမျိုးတွေရော၊ သူ့အဆွေတွေရော၊ သူ့မိတ်သင်္ဂဟတွေရော မတွေ့ရဘူးလား. . . (တွေ့ရပါတယ်ဘုရား)။ ငရဲထဲမှာအော်ပြီး ခံနေကြရတယ်။

## ငရဲမီးကလေးသွားယူတယ်

ဒကာမြင်ပြီလား. . . (မြင်ပါပြီဘုရား)၊ မြင်ပြီးပြီ၊ သိပြီ ရဟန်းက. . . (မှန်ပါ)၊ တန်ခိုးနဲ့ပဲ သွားပြီး၊ ဆင်းပြီး၊ ငရဲသွားပြီး သကာလ၊ ပိုးစုန်းကြူးလောက် ငရဲမီးကလေးကို မီးကျီးထဲက သွားနှိုက်လိုက်တယ်၊ နောက်ညှပ်ပြီးသကာလ ယူလာတယ်၊ ယူတာလည်း သူအမြင်သားပဲ ငရဲသားတွေကိုလည်း သူအမြင်သားပဲ။ ဟိုမှာခံနေရတဲ့ သူ့အမျိုး၊ သူ့အဆွေတွေကော သူအမြင်သားပဲ။

## သဖန်းသားတွေထဲ ပစ်ချတယ်

အဲဒီ မီးကလေးကို သူ လှည်းငါးစီးတိုက်လောက် ပုံထားတဲ့ သဖန်းသားတွေထဲမှာ ထည့်လိုက်ပါရော၊ သူ့ရှေ့မှာ. . . (မှန်ပါ)၊ ကျသည်နှင့်တစ်ပြိုင်နက် အကုန်ပြာကျတယ်၊ ငရဲမီးတွေ ဘယ်လောက်ပြင်းသလဲ. . . (မှန်ပါ)၊ ရောက်သည်နှင့်တစ်ပြိုင်နက် ဟိုဟာတွေ ပြာကျတာပဲ. . . (မှန်ပါဘုရား)။

www.dhammadownload.com



**သဖန်းသားတွေ ပြာကျတယ်**

ရောက်သည်နှင့်တစ်ပြိုင်နက် ဟိုဟာတွေပြာကျ ဒါပဲ။ ဘယ်လောက်ပြင်းသလဲဆိုတာ . . (မှန်ပါ)၊ ပြာကျပြီ။

အဲဒီတော့မှ ဟို . . ခုနက လူထွက်ချင်တဲ့လူက လန့်သွားတယ်၊ ဟိုမှာလည်း ငရဲကိုလည်း ကိုယ်ကိုယ်တိုင်မြင်ရ၊ ငရဲမီးပြင်းထန်ပုံကော . . (တွေ့ရပါတယ်ဘုရား)။ ကိုယ်တိုင်တွေ့ရပြီ။

သူတစ်နေ့လုံးရှု့နေတဲ့ သဖန်းသားပုံကြီး မလောင်တာကို ငရဲမီးကလေးကျသည်နဲ့တစ်ပြိုင်နက်တည်း အကုန်ပြာကျသွားတယ်။

**အစိုးကြေကြေ၊ အရေခမ်းခမ်း လုပ်ပါ့မယ်**

ဒါဖြင့် ဘုရား၊ တပည့်တော်ဖြင့် ခက်တော့တာပဲ၊ အင်း . . . မင်းကို ဒါကြောင့်ပြောတာ၊ ငရဲမီးဆိုတာအင်မတန်ပြင်းတယ်။ မင်းလည်းကိုယ်တွေ့၊ မင်းသွားရမယ့်လမ်းလည်း ဒီအတိုင်းမြင်ပြီ၊ ငရဲမီးပြင်းတာကို ငါယူပြပြီးပြီ၊ မင်းဘယ့်နှယ်လုပ်မလဲ၊ တပည့်တော် အစိုးကြေကြေ၊ အရေခမ်းခမ်း လုပ်ပါ့မယ်။

**စိတ်ပြောင်းသွားပြီ**

စိတ်ပြောင်းပြန်ပြီ ဒကာ ဒကာမတို့၊ ဘာဖြစ်လို့ပြောင်းပြန်သလဲဆိုတာ မေးလို့ရှိရင် ဟိုမှာ ရေခမ်းတာသာကြည့်တော့၊ ဘယ့်နှယ်တုံး၊ ခင်ဗျားတို့လည်း ချောင်ချောင်၊ ချောင်ချောင်မမြည်သေးဘူးလား၊ သေတ္တာဖွင့်လိုက်ရင် . . . (မြည်ကုန်ပါပြီဘုရား)၊ အေး . . . သေချာပြီမဟုတ်လား . . . (သေချာပါပြီ)။

ရှေ့ကိုဖြင့် ဒီအတိုင်းနေရင် ငရဲခန်းတွေနဲ့ လွတ်နိုင်ဦးမလား . . . (မလွတ်နိုင်ပါဘုရား) ရိုပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

www.dhammadownload.com



ဦးဘအုန်း-ရှေ့ဘာအခန်းရှိတော့သလဲ. . . (ငရဲအခန်းပဲ ရှိပါတော့တယ်ဘုရား)၊ ငရဲအခန်းပဲရှိတော့တယ်ဆိုတာ အားလုံး ဒကာ ဒကာမတွေ ဒါဟာ သေသေချာချာရှင်းပြနေတာနော် . . . (မှန်ပါ့)။

ဒါနဲ့ သူ့စိတ်ထဲမှာ ကိုင်း. . . ဒီခန္ဓာကြီးတော့ ငဲ့နေလို့ မဖြစ်တော့ဘူးဆိုပြီး သကာလ တရားအားထုတ်မှုဖြစ်ပျက်ပဲ ကြိုးစားပါတော့မယ်လို့ သူဟာ ရဟန္တာဆီမှာ တာဝန်ခံလိုက် တယ်. . . (မှန်ပါ့)၊ ရဟန္တာကလည်း ဂါထာကလေးတစ်ခု ရွတ်လိုက်တယ်။

**ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ**
**နိသမ္မကာရိနော၊ သညတဿ စ ဓမ္မဇီဝိနော၊**
**အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။**

မြန်မာပြန် - ထကြွလုံ့လရှိသူ သတိရှိသူစင်ကြယ်သော ကံသုံးပါး ရှိသူ စူးစမ်း၍ ပြုလေ့ရှိသူ ကာယကံကိုစောင့်စည်းသူ တရားသဖြင့် အသက်မွေးသူ မမေ့မလျော့သူအား အခြွေအရံ အကျော်စော သည်တိုးပွား၏။

ဒီဂါထာရဲ့အဓိပ္ပာယ်က လုံ့လဝီရိယရှိလို့ရှိရင် **သတိထား ဝီရိယစိုက်၊ ပညာနဲ့ရှုရင် ရနိုင်တယ်ဆိုတဲ့ဂါထာပဲ**. . . (မှန်ပါ့)၊ သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှုရမယ်၊ ဖြစ်ပျက်ကိုတွေ့ရမယ် . . . (မှန်ပါ့)၊ ဆိုကြစမ်းပါ ဒကာ ဒကာမတို့. . . ။

သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှု. . . ။

အဲဒါဆိုရင် ဖြစ်ပျက်တွေ့မယ်. . . (မှန်ပါ့)၊ ဖြစ်ပျက် တွေ့ရင် မပူနဲ့တော့၊ ဖြစ်ပျက်တွေ့ရင်ပဲ နေရာကျပြီ၊ မဂ်ဆီသို့

www.dhammadownload.com



ဦးတည်နေပြီ၊ ဖြစ်ပျက်တွေ့တယ်ဆိုကတည်းက မဂ္ဂင်ငါးပါး ပေါ်လို့တွေ့တာ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

## သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှု

ဖြစ်ပျက်တွေ့တယ်ဆိုကတည်းက (မဂ္ဂင်ငါးပါးပေါ် လို့တွေ့တာပါဘုရား) ဒါဖြင့် မဂ္ဂင်ငါးပါးပေါ်အောင် ခင်ဗျား တို့ ဘယ့်နှယ်လုပ်ကြမလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ပေါ်အောင် သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှု. . . (မှန်ပါ့) သတိထားဆိုကတည်းက သတိမဂ္ဂင်ပါမနေဘူးလား (ပါ, ပါတယ်ဘုရား) မပါသေးဘူးလား. . . (ပါ, ပါတယ် ဘုရား)။

**သတိထားတော့ သတိနဲ့၊ သမာဓိနဲ့ကခွဲလို့မရတော့ သမာဓိမဂ္ဂင်လည်းပါနေတယ်** (ပါ,ပါတယ်ဘုရား) **ဝီရိယစိုက်** ဆိုတော့ သမာဓိမဂ္ဂင်ထဲက သူခေါင်းဆောင်မနေဘူးလား (နေပါတယ်ဘုရား) **ပညာနဲ့ရှုဆိုတော့ ပညာမဂ္ဂင်နှစ်ပါး** မပါ ဘူးလား. . . (ပါ, ပါတယ်ဘုရား)။

ပညာဟာသမ္မာဒိဋ္ဌိဆိုတော့ သမ္မာသင်္ကပ္ပတွဲလျက် ဝင်လာတယ် (မှန်ပါ့) ဒါကြောင့် သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှုဆိုရင် မဂ္ဂင်ငါးပါးပါတယ် (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

www.dhammadownload.com



အဲ. . . ဖြစ်ပေါ်လာတဲ့တရားကလေး ခန္ဓာကြည့်ပြီး သတိထားလိုက်လို့ရှိရင်ဖြင့် ဝီရိယစိုက်ပြီး ကြည့်လို့ရှိရင် ပညာတစ်ခါတည်း ဖြစ်ပျက်မြင်လာတာပဲ (မှန်ပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီ ဂါထာကလေးကို သူကြားရတော့ ဪ. . . ငါလိုပုဂ္ဂိုလ်ကို ဒီသုံးချက်အလုပ်ခိုင်းတာကိုးလို့ သူသိတယ် (မှန်ပါဘုရား) ကိုင်း. . . ဒီသုံးချက်တော့ဖြင့် လက်လွှတ်မခံဘူး၊ သတိလည်းထားမယ်၊ ဝီရိယလည်းစိုက်မယ်၊ ပညာနဲ့လည်းရှုမယ် ခန္ဓာကိုဆိုပြီး သူပေါ်လာတယ်. . . (မှန်ပါ)။

ပေါ်လာတော့ငရဲကိုသွားရမှာလည်း ကိုယ်ကိုယ်တိုင်နားလည်ပြီးသား၊ ငရဲမီးပူပုံကိုလည်း အကုန်သိပြီ (မှန်ပါ) ငရဲမီး ပူတာဟာ ဒကာ ဒကာမတို့ မြင်ပြီးပြီ မဟုတ်လား. . . (မြင်ပြီးပါပြီဘုရား)။

## မအိပ်မနေအလုပ်လုပ်တယ်

အဲဒါတွေမြင်တော့ ထိနမိဒ္ဓဆိုတာ အိပ်ချင်တယ်၊ ငိုက်မျဉ်းတယ်၊ မအိပ်မနေ လုပ်နေတော့မယ်ဆိုပြီး ခေါင်းပေါ်မှာ တစ်ခါတည်း ကောက်ရိုးကရွတ်ခွေကြီးတွေကို ရေဆွတ်ပြီး စည်းထားတယ်၊ အေးတော့မအိပ်ဘူး၊ ခေါင်းပေါ်ကလည်း ရေတစ်စက်စက်ကျတော့ မျက်တောင်စင်းနိုင်သေးရဲ့လား. . . (မစင်းနိုင်ပါဘုရား)။

www.dhammadownload.com



မစင်းနိုင်တော့ဘူး၊ မျက်လုံးက တစ်ခါတည်း ကျယ်နေတော့တာပဲ (မှန်ပါ့) ကရွတ်ခွေကိုလည်း ရေစိမ်ပြီးမှလည်း ခေါင်းပေါ်ထင်တားတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

အောက်ကလည်း ခြေထောက်ကို အဝတ်စိုတွေနဲ့ ပတ်ထားတယ် စည်းထားတယ်၊ အဲဒီလို လုပ်ပြီးတော့မှ ဦးခင်မောင် ခုနင်ကပြောတဲ့ သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ ရှုတယ်၊ ဒီတော့ အိပ်ဖြစ်သေးရဲ့လား (မအိပ်ဖြစ်တော့ပါဘုရား)။ သူ့ဘာဖြစ်လို့ မအိပ်ဖြစ်တာတုံးဆိုတော့ သူကိုယ်တိုင် ငရဲလည်းသိပြီ၊ ငရဲမီးထက်ပုံကော. . . (မြင်ရပါပြီဘုရား)။

သူကိုယ်တိုင် မြင်ရတော့ ဒကာဒကာမတို့ ဒီအလုပ်ကို ကရွတ်ခွေကြီး ခေါင်းပေါ်မှာ စွပ်ထားတာလည်း မအိပ်ချင်အောင်ပဲ. . . . (မှန်ပါ့)။

ခြေထောက်ကို အဝတ်ရေဆွတ်ပြီး ပတ်ထားတာကော. . . (မအိပ်ချင်အောင်လို့ပါပဲဘုရား) ပြီးတော့ သူက စင်္ကြံသွားတယ်။ စင်္ကြံသွားရင်း တရားကိုကြိုးစားတယ်။

စင်္ကြံနဲ့ ကြိုးစားနေတော့ ဒကာ ဒကာမတွေ ထင်ရှားသားပဲ၊ လမ်းမှာ ခြေဖဝါးချတယ်ဆိုရင် ဒုက္ခဝေဒနာ ပေါ်တာပဲ (မှန်ပါ့) ဒီဘက်ချတော့ကော (ဒုက္ခဝေဒနာပေါ်တာပါပဲ)

www.dhammadownload.com



ပေါ်တာကလေးကို သူပျက်တယ်၊ ပျက်တယ် ကြည့်မှာပဲ . . . (မှန်ပါ့)။

ခြေထောက်နဲ့မြေနဲ့ ထိတယ်ဆိုရင် ထိရာမှာမပေါ်ပေဘူးလား. . . (ပေါ်မှာပါဘုရား) ဝေဒနာတော့ ပေါ်ရမယ်. . . (မှန်ပါ့) ပေါ်တာဘာလုပ်သတုံး (ဖြစ်ပျက်ရှုရပါတယ်ဘုရား) သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ကြည့်နေတာ. . (မှန်ပါ့)။

သတိထားတော့ ပေါ်တာသိတာပေါ့. . . (မှန်ပါ့) ဝီရိယစိုက်ကြည့်လိုက်တဲ့အခါကျတော့ ဩော်. . . ဒါဟာ ဒုက္ခဝေဒနာကလေးပဲဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား) ပညာနဲ့ကြည့်လိုက်တဲ့အခါ ပျက်သွားပြီ၊ မလာပေဘူးလား (လာပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ဒီအတိုင်း စကြံသွားပြီး လုပ်လည်းရတာပဲ၊ ခန္ဓာကိုယ်၌ ထိုင်နေရင်းလုပ်ရင်ကော. . . (ရပါတယ်ဘုရား)။

## အနာဂါမ်တည်တယ်

ဒါနဲ့ အဲဒီမိလက္ခရဟန်းဟာ ဒီအတိုင်းလုပ်လိုက်တာ မိုးလင်းတော့ ဦးခင်မောင်သောတာပန်တင်မကဘူး၊ အနာဂါမ်ထိအောင်တည်တယ် (မှန်ပါ့) အနာဂါမ်တည်တော့

www.dhammadownload.com



တစ်သက်လုံး မုဆိုးလုပ်လာတဲ့ဟာတွေ အကုန်အဟောသိကံ ဖြစ်တယ် (မှန်ပါ့) ဆားတစ်လျက်နဲ့ကျေတာပဲဗျာ (မှန်ပါ့) တစ်သက်လုံးလုပ်လာတာတွေဟာ အခုမဂ်တစ်ချက်တည်း နဲ့ပဲ နေရာကျသွားတယ် (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဦးခင်မောင်၊ ငရဲသေချာပြီးသား ပုဂ္ဂိုလ်တောင် ကယ်တင်တာပဲ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ငရဲမီးပူပုံကို သဖန်းသားအစိုတွေ မီးရှို့ပြတယ်. . . (မှန်ပါ့) ဒကာ ဒကာမတို့ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒီလမ်းနဲ့ ဒီစခန်းကို သေချာသလောက်ရှိ ကဲ့ပုဂ္ဂိုလ်တောင်မှ ဦးဘတင်ကယ်တင်နိုင်တယ်. . (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးဟောနေတဲ့ တရားဟာ ကယ်ယူ မည့်တရားဖြစ်လေသောကြောင့် ခင်ဗျားတို့က ကယ်ယူမှုကို ကိုယ်ပိုင်ရှိအောင်လုပ်ပါ. . . (မှန်ပါ့) မလုပ်ထိုက်ဘူးလား (လုပ်ထိုက်ပါတယ်ဘုရား)။

ဘာကိုယ်ပိုင်ရှိဖို့အရေးကြီးသလဲ (ကယ်ယူမှုတရားပါ ဘုရား)။ ကယ်ယူမှုတရားဆိုတာလည်း ရိပ်မိပြီမဟုတ်လား (မှန်ပါ့) သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှု၊ အဲဒီ ပထမငါးပါး ဖြစ်မယ်၊ နောက်တော့ ရင့်ကျက်လာရင် ရှစ်ပါးလာပြီးဖြစ် မယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



သတိမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ဝီရိယမဂ္ဂင်၊ ပညာမဂ္ဂင်တို့နဲ့ ရှုတာဗျ . . . (မှန်ပါ့) ဦးဖံရင်တို့ ဒါဟာ ခဲယဉ်းစရာရှိရဲ့လား. . . (မရှိပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီပုဂ္ဂိုလ်သည်ကားလို့ဆိုရင်ဖြင့် အနာဂါမ်တည်တယ်ဆိုတာ သာမန်အနေနဲ့ကြည့်ရင် ဒီပုဂ္ဂိုလ်မျိုးတည်နိုင်စရာတောင်မရှိဘူး၊ သို့သော် သူ့မှာ လုံ့လဝီရိယ ပိုလာတယ်၊ မပိုဘူးလား . . . (ပိုပါတယ်ဘုရား)။

မအိပ်ဖြစ်အောင်လည်း ခေါင်းပေါ်မှာ အအေးကြီးစွပ်ထားတယ်၊ ခြေထောက်နှစ်ဖက်မှာလည်း ဂုန်အိတ်တွေရေဆွတ်ပြီး ပတ်ထားတယ်ဆိုတော့ ဒီဒုက္ခဟာ ငရဲထက်တော့ မဆိုးတော့ဘူး၊ ဒါဟာ အင်မတန် သက်သာသေးတာဗျ . . . (မှန်ပါ့) ငရဲကျသွားမယ်ဆိုတော့ သက်သာခွင့်ပါသေးရဲ့လား . . . (မပါ, ပါဘုရား) အဲဒါကို ထောက်ဆပြီး ဒီဥစ္စာကို ရဲရဲတင်းတင်းလုပ်ရဲတာ . . . (မှန်ပါ့) မလုပ်ရဲဘူးလား. . . (လုပ်ရဲပါတယ်ဘုရား)။

## ကာယ်ချိန်ရှိသေးတယ်

အဲဒီတော့ ခင်ဗျားတို့မှာ ဒါလောက်တောင်မရှိသေးပါဘူး၊ ဒါလုပ်မယ်ဆိုလို့ရှိရင် အခု ကာယ်ချိန် ယူချိန်ကလေး

www.dhammadownload.com



ရသေးတယ်. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ကျန်တာကတော့ အချိန်ကလေးပဲကျန်တော့တယ်. . . (မှန်ပါ့ဘုရား) ဦးခင်မောင် ဘာကျန်သေးသတုံး (အချိန်ပိုင်းပဲကျန်ပါသေးတယ်) အဲဒီအချိန်လွန်သွားလို့ ကယ်မည့် ယူမည့်မဂ်ကလေး သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှုဆိုတာကလေး မပေါ်လာတော့ပါဘူးဆိုရင်ဖြင့် အဲဒါ ခေါင်းအုံးပေါ်မှာ မျက်ရည်ကျပြီး သေမယ်လို့စိတ်ကူးပေတော့. . (မှန်ပါ့)။

ခေါင်းအုံးပေါ် မျက်ရည်ကျပြီး သေတဲ့ပုဂ္ဂိုလ် မှန်လို့ရှိရင် အများအားဖြင့် မြင်လို့ ဝမ်းနည်းဖြစ်တာ. . . (မှန်ပါ့) စိတ်မချမ်းသာလို့ဖြစ်တာ. . . (မှန်လှပါ)။

အကြောင်တွေ တောင်ဆွဲမြောက်ဆွဲလို့ရှိရင် ဒုက္ခာဒုက္ခမှုတွေ ဒါဟာ ရှုန်းကန်နေတာများပါလိမ့်မယ်၊ မသွားချင်လို့ သို့သော်လည်း နေရမယ်မဟုတ်ပါဘူး . . . (မှန်ပါ့) နေရပါ့မလား (မနေရပါဘုရား)။

အဲဒါမျိုးတွေကလည်း ခင်ဗျားတို့ လူမမာ သေခါနီးများ သွားကြည့်ရင် အမျိုးမျိုးအဖုံဖုံတွေ့ရပါလိမ့်မယ် (မှန်ပါ့)။

အဲဒါဘာတုံးဆိုတော့ ဒီလိုသစ္စာဆိုက်တဲ့တရားမျိုးကို မကြားဖူးဘူး. . . (မှန်ပါ့) မသေခင်ဝိပဿနာရှုမှ သေခါနီးမှ နှလုံးမသာယာမှု မပေါ်စေနဲ့ဆိုတာ မြတ်စွာဘုရားက စကားနှစ်လုံး မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

www.dhammadownload.com



## မသေခင်က ဝိပဿနာရှု

မသေခင်က ဘာတဲ့ . . . (ဝိပဿနာရှု) သေခါနီးမှ . . . (နှလုံးမသာယာမဖြစ်ပါနဲ့) နှလုံးမသာယာခြင်း မဖြစ်ကြပါနဲ့လို့ မမှာဘူးလား . . . (မှာပါတယ်ဘုရား) အဲဒါ ငါဘုရား၏ အဆုံးအမပဲတဲ့. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီဘုရားအဆုံးအမကို မှတ်ထားလိုက်လို့ရှိရင်ဖြင့် ဒါဟာ ဘုရားက ၄၅ ဝါ့ သီးတင်းသုံးတော်မူတယ်၊ ၄၅ ကြိမ် မကပါဘူး၊ အကြိမ်များစွာ မှာသွားတော်မူတာ. . . (မှန်ပါ့)၊ ကဲ. . . ဘယ်လောက်အရေးကြီးလို့မှာတာတုံး. . . (အလွန်အရေးကြီးလို့ပါဘုရား)။

အဲဒါ. . . ခင်ဗျားတို့ ယုံယုံကြည်ကြည်နဲ့ လေးလေးစားစားဆိုတာလည်း ခုနင်က ဝတ္ထုထောက်လိုက်သဖြင့်လည်း ဒီ ပထမဇာတွေက ဒီဘဝတွင်ပင် အကျိုးပေးပုံလည်း မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

ပေါ်တော့ ခင်ဗျားတို့သည် ဩော်. . . တို့ကို ဆရာသမားက ဒါလောက် လေးလေးနက်နက် သတိပေးပါလျက်သားနဲ့ မိုက်တွင်းနက်နေဖို့တော့ အချိန်မဟုတ်တော့ဘူး . . . (မှန်လှပါဘုရား) ဆုံးဖြတ်ချက်ချထိုက် မချထိုက်. . . (ချထိုက်ပါတယ်ဘုရား)။

www.dhammadownload.com



ဒီပုဂ္ဂိုလ် ရဟန္တာဖြစ်လာတော့မှ အလွန်ဝမ်းသာတယ်. . . (မှန်ပါ့)။

**အသ္မိပလာလပုညာဟံ**
**သီသေနာဒါယစေတ်ိမိ၊**
**ပဏ္ဍောသွိတတိယံဌာနံ၊**
**ဝွေ မေ နတ္ထိ သံသယော။**

ဂါထာကို ရွတ်ဆိုဥဒါန်းကျူးတယ်၊ ဪ. . . မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားတော်ဟာ အဟုတ်ကယ်နိုင်တာကို ဆိုတာ သူ့စိတ်ထဲမှာ သံသယမရှိ ယုံကြည်တယ်. . . (မှန်ပါ့ဘုရား)။

ကောက်ရိုးကရွတ်ခွေ စွပ်ပြီးသကာလ ခြေထောက်မှာလည်း အဝတ်ရေဆွတ်ပြီး ပတ်ပြီးသကာလ ငါ့အားထုတ်လိုက်တာ အနာဂါမ်အဖြစ်သို့ ရောက်လာတဲ့အတွက် ဟိုဟာတွေ အကုန် အဟောသိကံဖြစ်ပါပေါ့လားဆိုပြီး ဝမ်းသာလာတယ်. . . (မှန်ပါ့) သူ့ဟာသူရွတ်တဲ့ဂါထာ. . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီပုဂ္ဂိုလ်လောက်တောင် ခင်ဗျားတို့ ဆိုးတဲ့လူ ဒီအထဲမှာ ပါကိုမပါဘူး. . . (မပါ,ပါဘုရား) သူ့မှာငရဲမီးပူပုံလည်း ကိုယ်တိုင်မြင်ရပြီ. . . (မှန်ပါ့)။

ကိုယ်တိုင်လုပ်ထားတဲ့အလုပ်က တစ်ခုမှ မကောင်းခဲ့ဘူးဆိုတာကော. . . (သိပါပြီဘုရား) မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား)။

www.dhammadownload.com



**ဘာကိုအားကိုးရမှာတုံး**

အဲဒါကြောင့် ခင်ဗျားတို့ ဘာပဲအားကိုးစရာရှိသတုံး. . . ဆိုတော့ သတိထား,ဝီရိယစိုက်, ပညာနဲ့ရှု, ဒါကလေးကို လက်မလွှတ်စေနဲ့ . . . (မှန်ပါ့)။

ခန္ဓာအပေါ်၌ ဘယ်လိုထားရမယ် (သတိထား, ဝီရိယစိုက်, ပညာနဲ့ရှုရပါမယ်) သဘောတျပလား. . . (ကျပါပြီဘုရား) အဲ. . . ရှုလိုက်ပြီဆိုမှဖြင့် ရုပ်ကဖြစ်ပျက်ပြလည်း အဲဒါ သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှုတဲ့၊ မဂ္ဂင်ဟာ ရုပ်ကဖြစ်ပျက်ပြရင် ဒီသုံးခုတစ်ပြိုင်နက် ဉာဏ်ထဲရောက်လာတာပဲ . . . (မှန်ပါ့)။

နာမ်ကဖြစ်ပျက်ပြလည်း ဒီသုံးခု. . . (တစ်ပြိုင်နက်ဉာဏ်ထဲရောက်လာပါတယ်) သုံးခုသာဆိုတယ် ငါးခုရောက်တယ် . . . (မှန်ပါ့) သူ့အတွဲနဲ့သူ ရောက်လာတော့ ဒကာဒကာမတွေ ပူစရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်တွေမြင်ပြီးသကာလ ထုံးစံအတိုင်း ဖြစ်ပျက်မုန်းအောင်ရှုပြီး, ဒီဖြစ်ပျက် ဆုံးလို့ရှိရင်သောတာပန်တည်တာပဲ၊ နောက်တစ်ခါ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးပြန်ရင်လည်း ဦးခင်မောင် သကဒါဂါမ်ပဲ . . . (မှန်ပါ့) နောက်တစ်ခါ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံးပြန်ရင်ကော. . . (အနာဂါမ်ပါဘုရား)

www.dhammadownload.com



ဒါကြာတာမျိုးလား. . . (မကြာပါဘုရား)။

အဲဒီတော့ မကြာနိုင်တဲ့ အလုပ်မျိုးကို ခင်ဗျားတို့ အမြန်လုပ်ထားလိုက်လို့ရှိရင် ခုနင်ကပြောတဲ့ အဟောသိကံ ဖြစ်စရာတွေဟာ ဖြစ်သွားမှာပဲ. . . (မှန်ပါ့) တားလို့ဆီးလို့ ရသေးရဲ့လား . . . (မရပါဘုရား)။

## ဝိပဿနာသာအားကိုးရာ

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး. . . (ဝိပဿနာ ရှုရပါမယ်ဘုရား) ဝိပဿနာရှု ကြိုက်တာရှု ရုပ်ကြိုက်တဲ့ ပုဂ္ဂိုလ်က ရုပ်သာရှု၊ စိတ်ကြိုက်ရင် . . . (စိတ်ရှုရပါမယ်ဘုရား) ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က . . . (ဝေဒနာရှုရပါမယ်ဘုရား) ရှုချင်တာ ရှုပါ ဦးခင်မောင် တစ်ခုမြင်လို့ရှိရင် အကုန်မြင်တာပဲ. . . (မှန်ပါ့) သို့သော် ကိုယ့်ဝါသနာအလိုက် ကိုယ်ကြိုက်တာရှု . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ယနေ့ ဒီတွင် တော်ကြဦးစို့. . .

သာဓု . . . သာဓု . . . သာဓု . . .။